
mgyoe.com SAMPLE BOOK

သန်းရွှေပြည့်စာအုပ်တိုက်



ဓမ္မစေတီမင်း၏ သာသနာရေးဆောင်ရွက်ချက်များမှသည်
ဆဋ္ဌသံဂါယနာ ဓမ္မဝိနယအမိန့်တော်ပြန်တမ်းများအထိ

မာမက–သုတေသီ

# သာသနာတော် သန့်ရှင်းရေး အမိန့်ပြန်တမ်းများ

mgyoe.com


mgyoe.com SAMPLE BOOK



ခွင့်ပြုချက် ၄၀၁၇၂၄၀၀၂၀၈




ခွင့်ပြုချက် ၃၂၀၅၁၆၀၆၀၈




ခွင့်ပြုချက် ၇၂ / ၂၀၀၄ (၁)




ခွင့်ပြုချက် ၃၂၀၀၂၉၀၂၀၇

ပန်းရွှေပြည်စာအုပ်တိုက်ထုတ် ဘာသာရေးစာအုပ်များ



ခွင့်ပြုချက် ၀၅၂၄၀၂၅၈၀၈




ခွင့်ပြုချက် ၃၂၀၂၄၂၀၅၀၄

mgyoe.com
ye ye 2009

mgyoe.com SAMPLE BOOK


| | | |
|---|---|---|
| တန်ဖိုး | - | ၃၀၀၀ ကျပ် |
| အုပ်ရေ | - | ၅၀၀ အုပ် |
| အကြိမ် | - | ပထမအကြိမ် |
| | | ၂၀၀၉ ခုနှစ် စက်တင်ဘာလ |
| မျက်နှာဖုံး | - | ရဲရဲ |
| ထုတ်ဝေသူ | - | ဦးသိမ်းမင်း(၀၄၂၉၁) |
| | | ပန်းရွှေပြည်စာအုပ်တိုက် |
| | | အမှတ် ၃၃၄, ၈ လမ်း, ၁၁ ရပ်ကွက်, |
| | | တောင်ဥက္ကလာပမြို့နယ်, ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးဝင်းကျော်ထွန်း(၀၇၉၅၈) |
| | | မုံရွေးပုံနှိပ်တိုက် |
| | | အမှတ် ၈၁/ခ, သံလွင်လမ်း, |
| | | ဗဟန်းမြို့နယ်, ရန်ကုန်မြို့။ |
| စာမူခွင့်ပြုချက် | - | ၃၂၀၆၆၄၁၂၀၈ |
| အဖုံးခွင့်ပြုချက် | - | ၃၂၀၀၈၄၀၂၀၉ |

၂၀၂

မာမက (သုတေသီ)

သာသနာတော်သန့်ရှင်းရေးနှင့်အမိန့်ပြန်တမ်းများ/မာမက-သုတေသီ၊

----ရန်ကုန်

ပန်းရွှေပြည်စာအုပ်တိုက်၊ ၂၀၀၉

စာ-၃၃၄ ၊ ၁၂.၅ × ၁၉ စင်တီ။

(၁) သာသနာတော်သန့်ရှင်းရေးနှင့် အမိန့်ပြန်တမ်းများ


mgyoe.com

mgyoe.com SAMPLE BOOK

# သာသနာတော်သန့်ရှင်းရေး
# အမိန့်ပြန်တမ်းများ

မာမက (သုတေသီ)

mgyoe.com

## ဒို့တာဝန် အရေးသုံးပါး

mgyoe.com SAMPLE BOOK

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| * | ပဏာမနှင့်ပဋိညာဉ် | ၇ |
| * | နိဒါန်း | ၈ |
| ၁။ | လောကတွင် ကျေးဇူးအကြီးမားဆုံးဖြစ်သူ | ၁၃ |
| ၂။ | အတုယူဖွယ် အဂ္ဂသာဝက ၂ ပါး၏သာသနာပြုနည်း | ၂၁ |
| ၃။ | ဓမ္မစေတီမင်းနှင့် သာသနာရေးဆောင်ရွက်ချက်များ | ၂၉ |
| * | ဓမ္မစေတီမင်း၏ထူးခြားမှု | |
| * | ရှင်စောပုကို ဟံသာဝတီသို့ ဆောင်ခြင်း | |
| * | ဓမ္မဓရ ဘုရင်ဖြစ်လာခြင်း | |
| * | ဘုရင်ဖြစ်လာချိန် သာသနာရေးအခြေအနေ | |
| * | သာသနာရေးဆောင်ရွက်ချက်များ | |
| * | ကလျာဏီ သိမ်သမုတ်ခြင်း | |
| * | သာသနာတော်သန့်ရှင်းရေးဆောင်ရွက်ချက်များ | |
| ၄။ | သာလွန်မင်း၏အမိန့်ပြန်တမ်း | ၆၉ |
| ၅။ | မင်းတုန်းမင်းတရား၏သာသနာတော်အပေါ် သဒ္ဓါတရားကြီးမားသော စိတ်ထား | ၇၆ |
| ၆။ | မင်းတုန်းမင်းတရား၏ အလဇ္ဇီဓမ္မ အမိန့်တော်ပြန်တမ်း | ၈၄ |
| ၇။ | ရဟန်းသာမဏေများလိုက်နာရန် ဆင့်ဆိုချက်များ | ၉၁ |
| ၈။ | အလဇ္ဇီဒုဿီလအား သိလျက် လှူဒါန်းမှု အကျိုး ရှိ, မရှိ | ၉၉ |
| ၉။ | မင်းတုန်းမင်း၏ အဆုံးအမသြဝါဒ | ၁၀၆ |
| ၁၀။ | အလဇ္ဇီဒုဿီလအား လှူဒါန်းက ကုသိုလ် ရ,မရနှင့် လူသာမဏေများ ဝိနည်း သင်အပ်,မသင်အပ် အဓိကရဏ်း သုဓမ္မာဆရာတော်များ၏ စစ်မေးချက် | ၁၁၂ |


mgyoe.com

mgyoe.com SAMPLE BOOK


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁။ | သာသနာပြု သုမ္မောဆရာတော်တို့၏ ဝိနည်းသင်အပ်, မသင်အပ် အဓိကရုဏ်းအဆုံးအဖြတ် | ၁၂၀ |
| ၁၂။ | သာသနာပြု သုမ္မောဆရာတော်တို့၏ အလဇ္ဇီအား လျှုဒါန်းမှု အကျိုး ရှိ,မရှိ အဓိကရုဏ်းအဆုံးအဖြတ် | ၁၂၈ |
| ၁၃။ | သာသနာပြု သုမ္မောဆရာတော်တို့၏ အဓိကရုဏ်းဆိုင်ရာ ဩဝါဒကထာနှင့် ဆုံးဖြတ်ချက်အချုပ် | ၁၃၇ |
| ၁၄။ | သာသနာပြု သုမ္မောဝင် သင်္ဃာဆရာတော်၏ ဩဝါဒအမိန့်တော် | ၁၄၃ |
| ၁၅။ | ရတနာပုံခေတ် သာသနာရေးဆိုင်ရာ ဖွဲ့စည်းအုပ်ချုပ်ပုံ | ၁၄၉ |
| ၁၆။ | သာသနာပိုင်နှင့် အကြီးအမှူးဆရာတော်များ၏လုပ်ငန်းတာဝန် | ၁၅၅ |
| ၁၇။ | သာသနာပိုင်နှင့် သုမ္မောက ထုတ်ပြန်သော ပထမဥပဒေ (ပုရပိုက်မူ) | ၁၆၁ |
| ၁၈။ | လဇ္ဇီရဟန်းများ အစွပ်အစွဲမရှိရအောင် ဆင့်ဆိုဆုံးမ ဩဝါဒ ပေးရန် ဒုတိယဥပဒေ ပုရပိုက်မူ | ၁၆၉ |
| ၁၉။ | ရတနာပုံခေတ် သာသနာတွင် ဦးဆောင်သူများ အဖြောင့် သွား၍ နောက်လိုက်သူများ ဖြောင့်မှန်ခြင်း | ၁၇၅ |
| ၂၀။ | မဟာဒါန်ဝန် | ၁၈၂ |
| ၂၁။ | မဟာဒါန်လုပ်ရပ် အဆုံးသတ်ခဲ့ခြင်း | ၁၈၈ |
| ၂၂။ | ဆင္ဃသံဂါယနာ ဓမ္မဝိနယအမိန့်တော်ပြန်တမ်း | ၁၉၅ |
| ၂၃။ | သံဃာအဖွဲ့အစည်း အဓွန့်ရှည်တည်တံ့ရန် လိုအပ်ခြင်း | ၂၀၂ |
| * | နိဂုံးပတ္တနာ | ၂၁၀ |


mgyoe.com

mgyoe.com SAMPLE BOOK

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ပဏာမနှင့်ပဋိညာဉ်

သ ရတနေနာစရိယံ၊ ဝန္ဒာမဟံ ဂုဏာမဟံ
တေသံ ဥဒ္ဒိဿ လိက္ခာမိ၊ ဣမံ ဂန္ထံ ယထာဗလံ။

ပထမဘာကာရဝိပုလာဂါထာ

အဟံ၊ ရှပ်နာမ်နှစ်ရပ် စုပေါင်းစပ်၍ ပညတ်သမုတ် အကျွန်ုပ်သည်။ သရတနေနာ၊ ဂုဏ်ပေါင်းထွေလာ မဖော်သာအောင် များစွာပိုင်ထား ပြည့်စုံကြားသည့် ဘုရားအစ ဓမ္မမဇ္ဈာ သံဃာအဆုံး ရတနာမြတ်သုံးပါးနှင့်တကွ။ ဂုဏာမဟံ၊ ဂုဏ်တော်ကျေးဇူး ထိပ်ခေါင်ဖူးသို့ အထူးဆင့်ဆင့် လွန်ကြီးမြင့်တော်မူသော။ အာစရိယံ၊ ဤကျမ်းပန်းခိုင် ရေးစွမ်းနိုင်သို့ ကိုယ်တိုင်ဆုံးမ သွန်သင်ပြ၍ ဓမ္မအမွေ ပေးဆောင်နှင်းအပ် ဆရာမြတ်ကို။ ဝန္ဒာမိ၊ သဒ္ဓါပသန္န စိတ်ကြည်မြဖြင့်။ ဘယလာဘ၊ ကုလာစာရာ မိစ္ဆာဒိဋ္ဌိ မသိမောဟ ကင်းစင်ပလျက် ဦးချခါခါ ရှိခိုးပါ၏။ ဝန္ဒိတွာ၊ ဆယ်ဖြာလက်ချောင်း သွယ်ဖယောင်းဖြင့် ဦးခေါင်းထက်မိုး မြတ်တနိုးစွာ ရှိခိုးပြီး၍။ တေသံ၊ ရှေးခါအလျော် သံဃာတော်နှင့် အကျော်မင်းများ မြတ်ဘုရား၏ ဟောကြားထားရာ သာသနာကို သဒ္ဓါဟုန်ပြင်း မြတ်နိုးခြင်းဖြင့် သန့်ရှင်းစေရန် ဆောင်ရွက်ဟန်ကို အမှန်သိပွား လိုလားကြသော လူအများတို့ကို။ ဥဒ္ဒိဿ၊ စေတနာဓောစူး မနောမြူးကာ ရည်စူးမှန်စစ် ဧကန်ဖြစ်၍။ ဣမံဂန္ထံ၊ သာသနာသန့်ရှင်းရေး အမိန့်ပြန်တမ်းများ အမည်ရှိသော ဤကျမ်းကို။ ယထာဗလံ၊ လစဉ်ထုတ်ရင်း မဂ္ဂဇင်း၌ ထည့်သွင်းပြီးကြား စာစုများကို ဉာဏ်အားရှိရင်း ရေးသားခြင်းဖြစ်ခဲ့သည့် အားလျော်စွာ။ လိက္ခာမိ၊ တစ်ဖန်စုစည်း ကျမ်းအတည်းဖြင့် တစ်နည်းပြန်၍ ရေးသား ဖော်ပြလိုက်ရပါသတည်း။

mgyoe.com

mgyoe.com SAMPLE BOOK

# နိဒါန်း

သာသနာဟူသည် မြတ်စွာဘုရား ၄၅ ဝါ ကာလပတ်လုံး မနေမနား ဟောကြားတော်မူခဲ့သော အဆုံးအမစကား တရားတော်များ ဖြစ်သည်။ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော အဆုံးအမတရားတော်များမှာ ပိဋကတ် ၃ သွယ်, နိကာယ် ၅ ရပ်, ဓမ္မက္ခန္ဓာပေါင်း ၈ သောင်း ၄ ထောင်ဖြစ်၍ ကျယ်ဝန်းများပြား သည်။ နက်နဲသိမ်မွေ့သည်။

ကြားနာရသောအခါ အသိဉာဏ်ပညာ ဗဟုသုတ တိုးပွားရသဖြင့် အစ၏ ကောင်းခြင်း၊ တိုးပွားလာရသော အသိဉာဏ်ပညာ ဗဟုသုတအရ ကျင့်ကြံပွားများ နိုင်သဖြင့် အလယ်၏ကောင်းခြင်း၊ ကျင့်ကြံပွားများခြင်းဖြင့် ချမ်းသာသုခ နိဗ္ဗာန အအေးဓာတ်ကို ရရှိခံစားနိုင်သဖြင့် အဆုံး၏ကောင်းခြင်းများနှင့်ပြည့်စုံသော တရား တော်များ ဖြစ်သည်။

"ကျွန်ုပ်တို့ ခေတ်သစ်ပညာရှင်များ၏ အကောင်းဆုံးအတွေးအမြင်များ သည် ဗုဒ္ဓမြတ်စွာဘုရား ဟောကြားခဲ့သော တရားတော်များတွင် အားလုံး အကျုံးဝင် ပြီး ဖြစ်သည်"ဟူ၍ ကမ္ဘာကျော်ပညာရှင်ကြီး အိပ်ချ်ဂျီဝဲ ပြောသကဲ့သို့၊ ဗုဒ္ဓ မြတ်စွာဘုရား၏ သာသနာအဆုံးအမ တရားတော်များတွင် လူသားများ ကျင့်ကြံ နေထိုင် စီးဖြန်းပွားများနိုင်သော လောကီ, လောကုတ္တရာ ဘက်ပေါင်းစုံ အရေးအရာ အားလုံး ပါဝင်သဖြင့် လူသားများအတွက် အသိပညာ ဗဟုသုတ ဘဏ်တိုက်ကြီး ဖြစ်သည့်အပြင်၊ ပစ္စုပ္ပန်, သံသရာ ဘဝ ၂ ဖြာ ခရီးရောက်ရာအရပ်တွင် မြင့်မြတ် သူအဖြစ်သို့ ရောက်အောင်ပို့ဆောင်ပေးသော အလင်းရောင် မီးရှူးတန်ဆောင် လည်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကျယ်ဝန်းများပြား နက်နဲသိမ်မွေ့ပြီး

mgyoe.com

mgyoe.com SAMPLE BOOK

ဘက်ပေါင်းစုံ အရေးအရာအားလုံး အကျုံးဝင်သော မြတ်စွာဘုရား၏ သာသနာ အဆုံးအမတရား ဓမ္မအနှစ်ချုပ်မှာ 'မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင် စိတ်ကိုထား'ရန် ဦးတည်ဟောကြားထားသော တရားတော်များ ဖြစ်သောကြောင့် ဖြစ်သည်။

ဤသို့ လူသားများအတွက် ပစ္စုပ္ပန်, သံသရာ ၂ ဖြာအကျိုး ပွားတိုးရေးကို စွမ်းဆောင်ပေးနိုင်သော အလွန်သန့်စင်မွန်မြတ်ပြီး ပညာရှင်များ နှစ်ထောင်းအားရ လိုလားကြရသော ဗုဒ္ဓမြတ်စွာဘုရား၏ အဆုံးအမသာသနာ တရားဓမ္မများကို အရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးနှင့် ပြန့်ပွားအောင် ဆောင်ရွက်နိုင်ရေးအတွက် မြတ်စွာဘုရားသည် တပည့်သားသာဝက သံဃာတော် အဖွဲ့အစည်းတစ်ရပ်ကို ထူထောင်တော်မူခဲ့သည်။ ထို သံဃာ့အဖွဲ့အစည်းသည် ထိုခေတ် ထိုအခါ, ထိုနေရာ၌ အစွန်းရောက်နေသောလူတန်းစားခွဲခြားစနစ်ကို အမြစ်မှလှန်ကာ ဖြိုလှဲခဲ့သော စံပြအဖွဲ့အစည်းတစ်ရပ်ပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုခေတ် ထိုအခါ ထိုနေရာ၌ ခတ္တိယမင်းမျိုး, ဗြာဟ္မဏပုဏ္ဏားမျိုး, ဝေဿသူကြွယ် ကုန်သည်လယ်လုပ်မျိုး, သုဒ္ဒ ပန်းမှိုက်သွန် သူဆင်းရဲမျိုး ဟူ၍ အမျိုး ၄ ပါး ခွဲခြားပြီး အယုတ်, အလတ်, အမြတ် ခွဲခြားဆက်ဆံမှုပြုနေကြသော်လည်း၊ သံဃာ့အဖွဲ့အစည်းအတွင်း အမျိုး ၄ ပါးမှ ဝင်ရောက်၍ ရဟန်းဖြစ်လာသူသည် မိမိထက် တစ်ရက်, တစ်မနက်, တစ်နာရီ, တစ်မိနစ်မျှ ရှေးဦးစွာ ရဟန်းဖြစ်လာသောသူအား ခရီးဦးကြိုခြင်း၊ နေရာထိုင်ခင်းပေးခြင်း၊ ရှိခိုးခြင်းအမှုပြုရသော ကျင့်ဝတ်ကို ချမှတ်ထားသောကြောင့် ဖြစ်သည်။

၎င်းအပြင် သံဃာ့အဖွဲ့အစည်းဝင် ရဟန်းတော်များ ကျင့်သုံးဆောက်တည်ရန် ကျင့်ဝတ်များကိုလည်း ဝိနည်းတရားတော်ကို ပိဋကတ် ၃ ပုံတွင် တစ်ပုံအပါအဝင်အဖြစ် ဟောကြား ပညတ်ထားတော်မူခဲ့သည်။ ဝိနည်းတရားသည် သံဃာတော် ရဟန်းတို့၏ ပါတိမောက္ခသံဝရသီလ ဖြစ်သည်။ သံဃာတော် ရဟန်းတော်တို့ ကျင့်သုံးဆောက်တည်ရန် ပညတ်ထားတော်မူသော သီလ ၄ ပါးတွင် ပါတိမောက္ခသံဝရသီလ လုံခြုံလျှင် ကျန်သီလများလည်း လုံခြုံလာနိုင်သဖြင့် ပါတိမောက္ခသံဝရသီလသည် အဓိက ပဓာနကျနေပါသည်။ အကျဉ်းအားဖြင့် ၂၂၇, အကျယ်အားဖြင့် ကုဋေ ၉ ထောင်ကျော် ရှိသဖြင့် ဝိနည်းသီလသည် သိမ်မွေ့လျက် ရှိနေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဝိနည်းသီလလုံခြုံသော သံဃာတော် ရဟန်းတော်များကို လဇ္ဇီပေသလ (မကောင်းမှု ဒုစရိုက်ပြုရမည်မှ ရှက်ခြင်းကိုမြတ်နိုးသူ), သိက္ခာကာမ (သိက္ခာပုဒ် လုံခြုံရန် လိုလားသူ), သီလဝန္တ (သီလရှိသူ)ဟု ခေါ်ကြသကဲ့သို့၊ ဝိနည်းသိက္ခာပုဒ် သီလ ကျိုးလွန်ဖောက်ဖျက် နေထိုင်လျက်ရှိသော ရဟန်းကို ဒုဿီလ (သီလမဲ့သူ) ဟု ခေါ်သည်။ သီလသိက္ခာပုဒ်ကို ချိုးဖောက်၍ အာပတ်သင့်ရောက်ခြင်း၊ သင့်ရောက်သောအာပတ်ကို ဝိနည်းတရားတွင် သတ်မှတ်ထားချက်များနှင့်အညီ ကုစားမှု မပြုဘဲ လျှို့ဝှက်ထားခြင်း၊ ကြောက်၍, ချစ်၍, မုန်း၍, မသိမောဟကြီး၍ မလားရောက်အပ်သော အဂတိတရား လိုက်စားလားရောက်ခြင်းရှိသော ပုဂ္ဂိုလ်ကို အလဇ္ဇီ (မကောင်းမှုဒုစရိုက်ပြုရမည်ကို မရှက်သူ)ဟု ခေါ်သည်။ သာသနာ့ဘောင် ရဟန်းလောကတွင် အလဇ္ဇီဒုဿီလ, ဟု စွပ်စွဲလျှင် အလွန်နစ်နာစေသော စွပ်စွဲမှုပင် ဖြစ်သည်။

မြတ်စွာဘုရားသည် သာသနာတော်တွင် ချမှတ်ထားတော်မူသော ဂန္ထဓုရ (သာသနာအဆုံးအမတရား ဓမ္မပရိယတ်များကို သင်ကြားခြင်း), ဝိပဿနာဓုရ (မဂ်, ဖိုလ်, နိဗ္ဗာန်အကျိုးအတွက် ဝိပဿနာတရား ပွားများအားထုတ်ခြင်း)လုပ်ငန်း ၂ ရပ်ကို ဆောင်ရွက်နေတော်မူသော လဇ္ဇီပေသလ သိက္ခာကာမ သီလဝန္တ ရဟန်းသံဃာတော်များအား လူဒါယကာတို့ သဒ္ဓါ၍လှူဒါန်းသော ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ဟူသော ပစ္စည်း ၄ ပါးကို ခံယူသုံးဆောင် ခွင့်ပြုတော်မူခဲ့သည်။

သာသနာ့ဘောင်တွင် ရဟန်းသံဃာတော်များမှာ ပရမတ္ထသံဃာ, သမုတိ သံဃာ ဟူ၍ ၂ မျိုး ၂ စားရှိရာ အရိယာဖြစ်သော ပရမတ္ထသံဃာများ၏ ဝိနည်း သီလသည် ခိုင်ခံ့နိုင်သည်။ ပုထုဇဉ်ဖြစ်သော သမုတိသံဃာများမှာ ပရမတ္ထသံဃာ များကဲ့သို့ မဟုတ်သော်လည်း၊ 'သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ' သံသရာ ဝဋ်မှ ကင်းကျွတ်လွတ်မြောက်မှုအကျိုးငှာ ဆိုသည့်အတိုင်း မြတ်စွာဘုရား သာသနာအပေါ် ကြည်ညိုသဒ္ဓါပွားပြီး ကုသိုလ်ရှင်များ ကုသိုလ်အကျိုးဖွံ့ဖြိုးမှုကို ရှေးရှုသောအားဖြင့် ဝိနည်းသီလလုံခြုံအောင် စောင့်ထိန်းလျက်ရှိသော ပုထုဇဉ် သမုတိ သံဃာအရှင်မြတ်များသာ ဖြစ်ကြပါသည်။

သို့ရာတွင် 'ဆွမ်းဆန် ကွက်ချေးရော', 'အုတ်ကြားမြက်ပေါက်' ဆိုသကဲ့သို့ ဝိနည်းမဆောင်သော ရဟန်းယောင်များလည်း သာသနာတော်တွင် ဝင်ရောက် နေရာယူမှု ရှိသည်။ သာသနာ့သမိုင်းတစ်လျှောက်တွင် ဤသို့သော ဝိနည်းမဆောင် ရဟန်းယောင်များ ရောနှောလာသဖြင့် သာသနာသန့်ရှင်းရေး ဆောင်ရွက်ရသည်များ

mgyoe.com SAMPLE BOOK

အထင်အရှားရှိခဲ့သည်။ ဝိနည်းမဆောင် ပါပညစ်ခေါင် ရဟန်းယောင်များ အင်အားကြီးထွားလာလျှင် သန့်စင်မွန်မြတ်သော သာသနာတော်ကွယ်နိုင်သဖြင့် လဇ္ဇီပေသလ သိက္ခာကာမ သီလဝန္တ ဖြစ်တော်မူကြသော ရဟန်းသံဃာတော် အရှင်မြတ်များက သဒ္ဓါကြီးမားပြီး အာဏာစက်ထက်မြက်သော မင်းများနှင့်တွဲဖက်၍ သာသနာတော်သန့်ရှင်းရေးအတွက် ဆောင်ရွက်ခဲ့ရသည်။

ဝိနည်းသီလကို အသက်ကဲ့သို့ စောင့်ထိန်းတော်မူကြသော လဇ္ဇီပေသလ သိက္ခာကာမ သီလဝန္တ ရဟန်းသံဃာတော် အရှင်မြတ်များသည် မကြည်ညိုသေးသူများအား ကြည်ညိုလာစေပြီး၊ ကြည်ညိုပြီးသူများအားလည်း တိုး၍ကြည်ညိုလာစေနိုင်သည်။ သာသနာတော်လည်း စည်ပင်ပြန့်ပွားလာနိုင်သည်။ ဝိနည်းမဆောင် ပါပညစ်ခေါင် ရဟန်းယောင်များမှာမူ သာသနာတော်အပေါ် သဒ္ဓါယုံကြည်မှုရှိပြီးသူများကိုပင် သဒ္ဓါတရားပျက်ပြားလာစေပြီး၊ သာသနာတော်ကိုလည်း ဆုတ်ယုတ်စေနိုင်သည်။ မကြည်ညိုသေးသူများလည်း သာသနာတော်အပေါ် အထင်အမြင်သေးမှုကို ဖြစ်စေနိုင်သည်။ အလွန်သန့်စင်မွန်မြတ်သော သာသနာတော်လည်း ထိခိုက်နစ်နာမှု ဖြစ်လာနိုင်သည်။ အရေအတွက်ထက် အရည်အချင်းရှိမှုက အဓိကကျသဖြင့် သာသနာသန့်ရှင်းရေးကိစ္စ မုချပင် လိုအပ်သည်။

လဇ္ဇီပေသလ သိက္ခာကာမ သီလဝန္တ ရဟန်းသံဃာတော်များသည် သာသနာတော်သန့်ရှင်းရေးအတွက် ဓမ္မစက်ဖြင့်သာ ဆောင်ရွက်တော်မူနိုင်ကြပါသည်။ ရဟန်းသံဃာတော် အရှင်မြတ်များ၏ ဓမ္မစက်မှာလည်း မင်းအစိုးရများ၏ အာဏာစက်အပေါ် တည်မှီနေရပြန်သည်။ မင်းအစိုးရတို့၏ ထက်မြက်သော အာဏာစက်ဖြင့် သုတ်သင်ဖယ်ရှားပေးနိုင်ပါမှ သာသနာတော်သန့်ရှင်းစင်ကြယ်မှု ဖြစ်လာနိုင်သည်။ သာသနာတော်သန့်ရှင်းစင်ကြယ်လာလျှင် သာသနာတော်လည်း စည်ပင်တိုးပွားပြီး ကိုးကွယ်လှူဒါန်းပူဇော်သူများလည်း အကျိုးများကာ ကမ္ဘာ့လူ့ဘောင်အလယ်တွင် တင့်တယ်ဂုဏ်ယူဖွယ် ဖြစ်လာနိုင်သည်။

ထို့ကြောင့် သာသနာတော်ကို ပြုစုစောင့်ရှောက်မှုပြုရာ၌ ပဂ္ဂဟချီးမြှောက်ထောက်ပံ့နည်းဖြင့် ဆောင်ရွက်ရသည့်နည်းတူ၊ သာသနာတော် သန့်ရှင်းစင်ကြယ်ရေးအတွက် နိဂ္ဂဟ ဝိနည်းမဆောင် ရဟန်းယောင်များအား နှိပ်ကွပ်ဖယ်ရှားနည်းဖြင့်လည်း ဆောင်ရွက်ရမည် ဖြစ်သည်။ ဗုဒ္ဓမြတ်စွာဘုရား၏ စင်ကြယ်သော လူသားအကျိုးပြု အဆုံးအမသာသနာတော်အပေါ် ကြည်ညိုသဒ္ဓါကြီးမားပြီး အာဏာစက်ထက်မြက်သော ရှေးမင်းများသည် 'ပဂ္ဂဟ'နည်းဖြင့် သာသနာပြုလုပ်ငန်းကို

ထက်မြက်သော ရေးမင်းများသည် 'ပဂ္ဂဟ'နည်းဖြင့် သာသနာပြုလုပ်ငန်းကို ဆောင်ရွက်ခဲ့သည့်အပြင်၊ 'နိဂ္ဂဟ' နည်းဖြင့်လည်း သာသနာပြုလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြသည်။ သာသနာတော်အပေါ် အလွန်ကြည်ညိုသော ရှေးဆရာတော်များနှင့်တကွ ဘုရင်မင်းများ၏ ဆောင်ရွက်တော်မူခဲ့ကြသော သာသနာပြုလုပ်ငန်းများကို ဆောင်းပါးရေးသား၍ သူရဇ္ဇမဂ္ဂဇင်းတွင် ထည့်သွင်းဖော်ပြခဲ့ရာ၊ ယင်းဆောင်းပါးများကို စုစည်း၍ 'သာသနာတော်သန့်ရှင်းရေး အမိန့်ပြန်တမ်းများ' အမည်ဖြင့် စာအုပ်အဖြစ် ပြန်လည်ရိုက်နှိပ်ထုတ်ဝေလိုက်ရပါသည်။

စာရှုသူများ<br>
ဘေးရန်ကြောင့်ကြ ဆင်းရဲခြင်းကင်းကြ၍<br>
ချမ်းသာသောကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။

mgyoe.com

mgyoe.com SAMPLE BOOK

# လောကတွင် ကျေးဇူး အကြီးမားဆုံးဖြစ်သူ

သူတစ်ပါးအား သရဏဂုံတည်လာအောင် လမ်းညွှန်ပြုပြင်ပေးသူ, သစ္စာ ၄ ပါး သိလာအောင် ပြုလုပ်ပေးသူ, ရဟန္တာဖြစ်လာအောင် ပြုလုပ်ပေးသူ၊ ထို ၃ ဦးသည် ကျေးဇူးအကြီးမားဆုံးသောသူတို့ ဖြစ်ကြောင်း တိကအင်္ဂုတ္တရ ဗဟုပကာရသုတ်၌ မြတ်စွာဘုရားရှင် ဟောကြားတော်မူသည်။

ဥဂ္ဃဋိတညူပုဂ္ဂိုလ် (အပါယ် ၄ ဘုံသား), သုဂတိအဟိတ်ပုဂ္ဂိုလ် (သန္ဓေကန်းပင်း စသည်), ဒွိဟိတ်ပုဂ္ဂိုလ် (တရားထူး မရနိုင်သူ), တိဟိတ်ပုဂ္ဂိုလ် (တရားထူးရနိုင်သူ) ဟူသော ပုထုဇဉ် ၄ ယောက်နှင့် အရိယာ ၈ ယောက် ဟူ၍ ပုဂ္ဂိုလ် ၁၂ ယောက် ရှိရာတွင် ရဟန္တာပုဂ္ဂိုလ်သည် အမြင့်မြတ်ဆုံးပုဂ္ဂိုလ် ဖြစ်သည်။

ရဟန္တာဖြစ်ရန်မှာ သစ္စာတရား ၄ ပါးကို ပိုင်းခြားသိရန် လိုသည်။ သစ္စာ ၄ ပါး သိရန်မှာလည်း သရဏဂုံတည်ရန် လိုအပ်ပြန်သည်။ သရဏဂုံတည်ရန်မှာလည်း မြတ်စွာဘုရား၏ အဆုံးအမသာသနာ၌ တည်ရန် လိုအပ်ပြန်သည်။ တစ်နည်းအားဖြင့် ဗုဒ္ဓဘာသာဖြစ်ရန် လိုအပ်သည့် သရဏဂုံတည်သူကိုပင် ဗုဒ္ဓဘာသာဝင် ဟု ခေါ်သောကြောင့် ဖြစ်သည်။

ထို့ကြောင့် သူတစ်ပါးအား အနိမ့်ဆုံးအားဖြင့် သရဏဂုံတည်အောင် သို့မဟုတ် ဗုဒ္ဓဘာသာဝင်ဖြစ်အောင် ပြုလုပ်နိုင်လျှင်ပင် လောကတွင် ကျေးဇူး အကြီးမားဆုံး ဖြစ်လာနိုင်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဤသို့ သူတစ်ပါး သရဏဂုံတည်အောင် သို့မဟုတ် ဗုဒ္ဓဘာသာဝင် ဖြစ်အောင် ဆောင်နှင်းခြင်းသည် သာသနာပြုပုဂ္ဂိုလ် အစစ်ပင် ဖြစ်နေတော့သည်။

သုစရိုက်ပြုနေသူ, ကိုယ်တိုင်အယူမှန်သူ, သူတစ်ပါး အယူမှန်လာအောင် ဆောင်ရွက်သူ, အရိယာကို မစွပ်စွဲသူ ၄ ဦးသည် သုဂတိသို့သာ လားရောက်နေကြရသည် မြင်ပါကြောင်း။

ဒုစရိုက်ပြုနေသူ, ကိုယ်တိုင်အယူလွဲနေသူ, သူတစ်ပါး အယူလွဲအောင် ဆွဲဆောင်နေသူ, အရိယာကို စွပ်စွဲသူ ၄ ဦးသည် အပါယ်သို့သာ လားရောက်နေကြရသည် မြင်ပါကြောင်း။ သီလက္ခန် ဒိဗ္ဗစက္ခုခန်း၌ မြတ်စွာဘုရား ဟောကြားထားပါသည်။

ရတနာ ၃ ပါး ကံ–ကံ၏အကျိုးကို ယုံကြည်သူသည် အယူမှန်သူဖြစ်သည်။ ဗုဒ္ဓဘာသာဝင်များသည် ရတနာ ၃ ပါးနှင့် ကံ–ကံ၏အကျိုးကို ယုံကြည်သူများ ဖြစ်သည်။ ထို့ကြောင်း အယူမှားသူများအား အယူမှန်လာအောင် သို့မဟုတ် ဗုဒ္ဓဘာသာဝင် ဖြစ်လာအောင် ဆောင်ရွက်နိုင်သူသည် သုဂတိသို့ လားရောက်စေနိုင်သော ကုသိုလ်ထူးကို ရရှိနိုင်သည် ဖြစ်သည့်အပြင် လောကတွင် ကျေးဇူးအကြီးမားဆုံးသူလည်း ဖြစ်နိုင်သည်။

အချုပ်အားဖြင့် သာသနာပြုလုပ်ငန်း ဆောင်ရွက်သူများသည် အမြင့်မြတ်ဆုံးကုသိုလ်ထူးကို ရရှိနိုင်သည်။ ဖော်ပြပြီး အကျိုးထူးများကိုလည်း ရရှိနိုင်သည်။ မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သော သာသနာအဆုံးအမ တရားတော်များသည် သူတော်ကောင်းတရား စစ်စစ်ဖြစ်သောကြောင့် လူ့ဘောင်လောကကြီး အေးချမ်းသာယာရေးအတွက် သူတော်ကောင်းတရား တည်တံ့ထွန်းကားရန်, ပြန့်ပွားရန် အထူးလိုအပ်သည်။ ဤသို့ လိုအပ်သောကြောင့် သာဝကအဆက်ဆက်က ယနေ့တိုင် သာသနာပြုလုပ်ငန်းကို အစဉ်အဆက် ဆောင်ရွက်လာခဲ့ကြရခြင်း ဖြစ်သည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူပြီးနောက် ရှင်မဟာကဿပ, ရှင်မဟာယသ, ရှင်မဟာမောဂ္ဂလိ ပုတ္တတိဿ ထေရ်ရှင်မြတ်တို့ ဦးဆောင်သော မထေရ်မြတ်များက အဇာတသတ်၊ ကာလာသောက၊ သီရိဓမ္မာသောက မင်းမြတ်များနှင့်တွဲဖက်၍ သာသနာတော် တည်တံ့ရေးအတွက် ဆောင်ရွက်တော်မူခဲ့ကြသည်။ အထူးသဖြင့် ရှင်မဟာမောဂ္ဂလိ ပုတ္တတိဿ မထေရ်မြတ်နှင့် သီရိဓမ္မာသောကမင်းမြတ်တို့သည် အိန္ဒိယတွင် မူလ ထေရဝါဒဗုဒ္ဓသာသနာကို ခေတ်နှင့်

mgyoe.com SAMPLE BOOK

အညီ ပြုပြင်ဖန်တီးသော ဂိုဏ်းကွဲသံဃာများ လွှမ်းမိုးလာသဖြင့် မြတ်စွာဘုရား ဟောတော်မူရင်းဖြစ်သော ထေရဝါဒ ဗုဒ္ဓသာသနာတော် ကွယ်ပ,ရန် အလားအလာ ရှိနေသည်ကို မြင်သိ၍၊ တတိယသင်္ဂါယနာ တင်ပြီးနောက် ၉ တိုင်း ၉ ဌာနသို့ သာသနာပြုရဟန်းတော်များ စေလွှတ်၍ သာသနာပြုလုပ်ငန်းကို ဆောင်ရွက်စေခဲ့ရသည်။

သို့ရာတွင် အိန္ဒိယ၌ သီရိဓမ္မာသောက နောက်ပိုင်းအုပ်စိုးသောမင်းများမှာ ဗုဒ္ဓဘာသာဝင်များ မဟုတ်ခြင်း၊ ခေတ်ကြိုက် ပြုပြင်ရေးဂိုဏ်းကွဲများ အင်အားကြီးမားလာခြင်းတို့ကြောင့် သာသနာပြုဌာန ၉ ဌာနအနက် အိန္ဒိယအတွင်းရှိ သာသနာပြုဌာန ၇ ဌာနတွင် သာသနာတော်နှစ် ၆ ရာစု (အေဒီ ၁ ရာစု) အတွင်း၌ ထေရဝါဒဗုဒ္ဓသာသနာ ကွယ်ပျောက်ခဲ့ရပြီး၊ အိန္ဒိယပြင်ပ သီဟိုဠ်နှင့် သုဝဏ္ဏဘူမိ ၂ ဌာန၌သာ ထေရဝါဒဗုဒ္ဓသာသနာ အမြစ်တွယ် ကျန်ရစ်ခဲ့ရသည်။

သုဝဏ္ဏဘူမိဌာနသည် ရှေးအခါက မွန်ခမာ လူမျိုးစုတစ်မျိုးတည်း နေထိုင်ခဲ့သောကြောင့် အင်ဒိုချိုင်းနား ဒေသတစ်ခုလုံး သုဝဏ္ဏဘူမိတစ်ဌာနတည်းဖြစ်ခဲ့သော်လည်း၊ နောက်ပိုင်း၌ ရှမ်း (ထိုင်း)အနွယ်များက ကြားဖြတ်ဝင်ရောက်နေထိုင်ခဲ့ကြသောကြောင့် မြန်မာ, ထိုင်း, လာ, ကမ္ဘောဒီးယား ဟူ၍ ၄ ဌာန ကွဲသွားသည်။ ထို့ကြောင့် သီဟိုဠ်နှင့်တကွ ထေရဝါဒ ၅ နိုင်ငံ ဖြစ်နေရခြင်း ဖြစ်သည်။

ဤ ထေရဝါဒ ၅ နိုင်ငံအနက် သီဟိုဠ် (သီရိလင်္ကာ)နိုင်ငံတွင် ရှေးအခါက သာသနာပြု ရှင်မဟိန္ဒအနွယ် အစဉ်အဆက်များနှင့် မင်းအဆက်ဆက်တို့၏ သာသနာပြုစွမ်းအားကြောင့် ထေရဝါဒဗုဒ္ဓသာသနာ အလွန်အားကောင်းလာပြီး ကမ္ဘာအရပ်ရပ်သို့ ထေရဝါဒဗုဒ္ဓသာသနာ ပြန့်ပွားထွန်းကားလာအောင် ဦးဆောင်၍ သာသနာပြုလုပ်ငန်းကို ဆောင်ရွက်နိုင်ခဲ့သည်။ သို့ရာတွင် ယခုမျက်မှောက်ကာလ၌ သီဟိုဠ် (သီရိလင်္ကာ) ထေရဝါဒဗုဒ္ဓသာသနာမှာ အလွန်အားနည်းလာသဖြင့်၊ ပရိယတ်, ပဋိပတ် သာသနာပြန့်ပွားအောင် ရှေးကကဲ့သို့ ဦးဆောင်မပေးနိုင်ဘဲ ဖြစ်နေပါသည်။

မြန်မာနိုင်ငံ သုဝဏ္ဏဘူမိသာသနာကား ရှင်သောဏ, ရှင်ဥတ္တရတို့ ဦးဆောင်သော သာသနာပြုမထေရ်မြတ်များ ကြွရောက် သာသနာပြုချိန်မှစ၍ အစဉ်အဆက် အားကောင်းလာခဲ့သည်။ အေဒီ ၅ ရာစု ရောက်သောအခါ ရှင်မဟာဗုဒ္ဓဃောသ မထေရ်မြတ်နှင့် ရှင်ဗုဒ္ဓဃောသ မထေရ်မြတ်တို့၏ စွမ်းဆောင်ချက်အရ ထေရဝါဒဗုဒ္ဓသာသနာစာပေ အမြောက်အမြား ပိုင်ဆိုင်လာခဲ့သည်။ အေဒီ

mgyoe.com SAMPLE BOOK
၇ ရာစုတွင်လည်း ဖြဟ္မဏဘာသာဝင် ဒမိဠ (တမီလ်)လူမျိုးများက ချင်းနင်း တိုက်ခိုက်လာရောက်သောကြောင့် သီဟိုဠ်ရဟန်းတော်များသည် မိမိတို့ပိုင်ဆိုင်သော သာသနိကစာပေများကို သယ်ယူနိုင်သမျှ သယ်ယူကြပြီး သုဝဏ္ဏဘူမိသို့ ခိုလှုံလာခဲ့ကြပြန်သဖြင့် သုဝဏ္ဏဘူမိသည် ထေရဝါဒ ဗုဒ္ဓစာပေ အမြောက်အမြားဖြင့် စည်ကားတိုးတက်နေခဲ့ရာ အေဒီ ၁၁ ရာစုသို့ ရောက်သောအခါ သုဝဏ္ဏဘူမိ ရဟန်းတော် အရှင်မြတ်များသည် ပြည်တွင်းပြည်ပသို့ ခြေဆန့်ကြွရောက် သာသနာပြုတော်မူကြပြန်သဖြင့် ပြည်တွင်း ပုဂံဒေသနှင့်တကွ ပြည်ပ အင်ဒိုချိုင်းနားဒေသ တစ်ခုလုံး ထေရဝါဒဗုဒ္ဓသာသနာ အလင်းရောင် ထွန်းပြောင်ခဲ့ရသည်။

မြန်မာနိုင်ငံ ပုဂံဒေသတွင် ထေရဝါဒဗုဒ္ဓသာသနာ အမြစ်တွယ်လာပြီးနောက် မြန်မာနိုင်ငံတစ်နိုင်ငံလုံးသို့ ထပ်မံ ပြန့်ပွားလာခဲ့သဖြင့် ကျမ်းတတ်အကျော်အမော် ဆရာတော်အများအပြား ပေါ်ထွန်းခဲ့သည်။ သဒ္ဒါတရားဖြင့် သာသနာ့ဘောင်သို့ဝင်ရောက်ပြီး၊ သဒ္ဒါတရားဖြင့် စာပေကျမ်းဂန် နှံ့စပ်တတ်မြောက်အောင် ဆည်းပူးတော်မူခဲ့သော ဆရာတော်, ရဟန်းတော်များဖြစ်၍ စာပေတတ်မြောက်ရုံမျှမကဘဲ၊ ဝိနည်းအကျင့်လည်း အလွန်မြင့်မားတော်မူကြသဖြင့် ကြည်ညိုဖွယ်ဂုဏ်ကို ဆောင်တော်မူနိုင်ခဲ့ကြသည်။

ထိုဆရာတော်အရှင်မြတ်များ၏ ဟောပြောညွှန်ပြ သင်ကြားပြသမှုများအရ မြန်မာတစ်မျိုးသားလုံး လမ်းမှန်, လမ်းမှား ခွဲခြားသိရှိကြပြီး လမ်းမှန်ပေါ်လျှောက်လှမ်းကြရသဖြင့်၊ ကုသိုလ်တရား တိုးပွားရရှိကြရုံမျှမက အသိပညာနှင့် စာရိတ္တပါ မြင့်မားခဲ့ကြသည်။ ဗုဒ္ဓဘာသာ စာပေ၊ ယဉ်ကျေးမှုကို အထွတ်တင်ပျိုးထောင်နိုင်ခဲ့ကြသဖြင့် အမျိုးသားစာပေ ယဉ်ကျေးမှုလည်း မြင့်မားခဲ့ရသည်။ ဗုဒ္ဓသာသနာကို အရတော်သဖြင့် 'ဗုဒ္ဓဘာသာ မြန်မာဟေ့' ဟု ဂုဏ်ယူဝင့်ကြွားနိုင်ခဲ့ကြသည်။ အမျိုးဂုဏ်, ဇာတိဂုဏ် မြင့်မားပြီး၊ အမျိုးသားယဉ်ကျေးမှု, အမျိုးသားရေး လက္ခဏာများကို ပြုစုတည်ထောင်နိုင်ခဲ့ကြသည်။

သို့သော် 'ဘိဇ္ဇန ဓမ္မော ဘိဇ္ဇတိ ကွဲတတ်သော သဘောရှိသောအရာသည် ကွဲစမြဲ' ဆိုသကဲ့သို့ ပြောင်းလဲတတ်သောသဘောရှိသော ဖြစ်စဉ်များသည်လည်း ပြောင်းလဲခဲ့ရသည်။

မြန်မာတို့ မှန်ကင်း ထင်းဖြစ်ကာ မြန်မာတစ်နိုင်ငံလုံးနှင့် မြန်မာတစ်မျိုးသားလုံး ဘာသာခြား တိုင်းတစ်ပါးသားလက်အောက်သို့ ကျရောက်ခဲ့ရသဖြင့် တစ်မျိုးသားလုံး ဘိုးဘွားဘီဘင်မှစ၍ ကိုးကွယ်လာခဲ့သော ဗုဒ္ဓသာသနာနှင့်
mgyoe.com

mgyoe.com SAMPLE BOOK

ကြည်ညိုအားထားလာခဲ့ကြသော ဆရာတော်, သံဃာတော်များလည်း အဆိုးလောကဓံတရားနှင့် ကြုံတွေ့ခဲ့ရတော့သည်။ အုပ်စိုးသူ ဘာသာခြား တိုင်းတစ်ပါးသားများသည် ၎င်းတို့၏ဘာသာ ပြန့်ပွားထွန်းကားလာအောင် ထိုးနှက်ဆောင်ရွက်လာခဲ့ကြသည်။ ဗုဒ္ဓသာသနာတော်သည် ခေါက်ရှာငှက် ပျံသန်းသကဲ့သို့ နိမ့်ချည်မြင့်ချည် ကြုံခဲ့ရသောဖြစ်စဉ်တွင် သာသနာပြု မင်းအစိုးရများ၏ ချီးမြှောက်ထောက်ပံ့မှုများကို ရသောအခါ သာသနာတော်လည်း မြင့်တက်ခဲ့ရပြီး၊ မင်းအစိုးရအကူအညီမရသောအခါ နိမ့်ကျခဲ့ရသည်။

အထူးသဖြင့် ဗုဒ္ဓဘာသာ မြန်မာရဟန်းတော်များသည် မိမိတို့သီတင်းသုံးရာဒေသတွင် သာသနာပြုစု ပျိုးထောင်မှုကို သမားရိုးကျသာ ဆောင်ရွက်ခဲ့သော်လည်း၊ ဘာသာခြားများကား သမားရိုးကျ မဟုတ်ဘဲ သွားလာရန်ခက်ခဲသောနယ်စပ်နှင့် တောင်တန်းဒေသများသို့ အပင်ပန်းခံ သွားရောက်ကာ ၎င်းတို့ဘာသာပြန့်ပွားထွန်းကားရန် ဆောင်ရွက်ခဲ့ကြသည်။ ဆေးရုံများ, စာသင်ကျောင်းများကိုငွေကုန်ကြေးကျခံ ဖွင့်လှစ်၍ ၎င်းတို့၏ဘာသာသို့ စည်းရုံးသိမ်းသွင်းခဲ့ကြသည်။ တစ်ဖန် မြန်မာနိုင်ငံသည် ၎င်းတို့အုပ်စိုးနေသော အိန္ဒိယပြည်နယ်တစ်ခုအဖြစ်သွတ်သွင်းထားပြန်သဖြင့် အိန္ဒိယမှ ဘာသာစုံဝင်များ မြန်မာနိုင်ငံတွင်းသို့ လှိမ့်ဝင်လာကြ၍ ဗုဒ္ဓဘာသာမှာ ကစဉ့်ကလျား ဖြစ်ခဲ့ရသည်။

မြန်မာနိုင်ငံကို အုပ်စိုးနေသော တိုင်းတစ်ပါးသားတို့၏ ဘာသာ ၂ ခြမ်းကွဲခဲ့ချိန်နောက်ပိုင်းတွင် စပိန်ပြည်သား လွိုင်အိုးလားဆိုသူ ဘာသာရေးအကြီးအကဲတစ်ဦးက တစ်ကမ္ဘာလုံး မိမိတို့ဘာသာ ပြန့်ပွားနိုင်ရေးဆောင်ရွက်ရန် ဂျက်စွပ်အသင်းတော်ကိုထူထောင်ပြီး၊ မိမိတို့ဘာသာ ပြန့်ပွားရေး ထွန်းကားရေးအတွက်ဆောင်ရွက်လိုသူများအား သွားရောက်မည့် နယ်ခြားတိုင်းခြားများ၏ ဆိုင်ရာဘာသာစကားနှင့်တကွ ဆေးပညာ, လောကဓာတ်ပညာ စသည်များကို သင်ကြားလေ့ကျင့်ပေးသည်။ သင်တန်းဆင်းများသည် သက်ဆိုင်ရာ နယ်ခြား တိုင်းခြားများသို့သွားရောက်ကြပြီး အုပ်စိုးလျက်ရှိသော မိမိတို့ဘာသာဝင် အစိုးရအကူအညီဖြင့်ဆေးရုံ, ဆေးခန်း, စာသင်ကျောင်း စသည်များကို ထူထောင်၍ မိမိတို့ဘာသာထွန်းကားလာရေးအတွက် စည်းရုံးဆောင်ရွက်ခဲ့ကြသည်။

၎င်းတို့သည် ရောက်လေရာတိုင်းပြည် တောအုံချုံကြား နယ်စပ်တောင်တန်းများပါမကျန် အပင်ပန်းခံသွားရောက်၍ ၎င်းတို့ဘာသာ ထွန်းကားအောင်ဆောင်ရွက်ခဲ့ကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဤနည်းဖြင့် မြန်မာနိုင်ငံ နယ်စပ်နှင့် တောင်တန်းဒေသများသို့ သွားရောက်ကာ ၎င်းတို့ဘာသာ ထွန်းကားအမြစ်တွယ်လာအောင် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ အုပ်စိုးသူ အစိုးရကလည်း ၎င်းတို့ဘာသာ အမြစ်တွယ်ထွန်းကားနေသော တောင်တန်းဒေသများသို့ ဗုဒ္ဓဘာသာရဟန်းတော်များ တက်ရောက်ခွင့်, သွားရောက်ခွင့်မပေးဘဲ နှစ်ပေါင်းရှည်ကြာ ပိတ်ပင် တားမြစ်ထားခဲ့သည်။ သို့ရာတွင် ရဟန်းတော်အချို့က နောက်ပိုင်းတွင် မိမိတို့နည်း, မိမိတို့ဟန်ဖြင့် အုပ်ချုပ်သူတိုင်းတစ်ပါးသားအစိုးရ ပိတ်ပင်ထားသော တောင်တန်းဒေသသို့ သွားရောက်ခဲ့ကြသည်။

၁၂၉၁ ခုနှစ်၌ ရခိုင် တောင်ကုတ်ဆရာတော် ဦးဇာဂရ။ ၁၂၉၆ ခုနှစ်၌ ရေပေါ်ကျွန်းဆရာတော် ဦးဉာဏနှင့် ပုသိမ်ဆရာတော် ဦးဝိမလ။ ၁၂၉၇ ခုနှစ်၌ ရွှေဘိုဆရာတော် ဦးဥတ္တမသာရ။ ၁၂၉၈ ခုနှစ်၌ လဝဆရာတော် ဦးစိန္တာမဏိ, ကြံခင်းဆရာတော် ဦးတိဿ, ယောဆရာတော် ဦးကဝိန္ဒတို့ သွားရောက်တော်မူခဲ့ကြခြင်း ဖြစ်သည်။

ယင်းဆရာတော်များအနက် ပုသိမ်ဆရာတော် ဦးဝိမလသည် ဒုတိယကမ္ဘာစစ်မဖြစ်မီ နှစ်အနည်းငယ်အတွင်း၌ တောင်တန်းဒေသများသို့ သွားရောက်ကာ မိုင်ပေါင်းများစွာ ခြေကျင်လှည့်လည်လျက် သာသနာပြုလုပ်ငန်းကို ဆောင်ရွက်ရင်း တောင်တန်းသားတို့၏ အခြေအနေများကို လေ့လာတော်မူခဲ့သည်။ ထိုအခါ ဆရာတော်ဦးဝိမလ လေ့လာမိန့်ကြားမှုကို အကြောင်းပြုကာ ဆရာတော် ဦးဝိမလကဲ့သို့ တောင်တန်းဒေသများသို့ သွားရောက် သာသနာပြုရေးအတွက် ဆောင်ရွက်ရန် ဆာဦးသွင် ဦးဆောင်သော တောင်တန်းဗုဒ္ဓသာသနာပြု အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ သို့ရာတွင် ထိုအဖွဲ့သည် တောင်တန်းဗုဒ္ဓသာသနာပြုပုဂ္ဂိုလ်များကို ခဲခဲယဉ်းယဉ်း ရှာဖွေနေဆဲမှာပင် ဒုတိယကမ္ဘာစစ်မီး မြန်မာနိုင်ငံသို့ ကူးစက်လာသဖြင့် အဖွဲ့၏ ရည်ရွယ်ချက်လုပ်ငန်းတို့ ရပ်ဆိုင်းခဲ့ရပါသည်။

ဒုတိယကမ္ဘာစစ် ပြီးဆုံးပြီးနောက် ၁၃၀၈ ခုနှစ် နယုန်လဆန်း ၁ ရက်နေ့တွင် ၆ ထပ်ကြီး ဘုရားကြီးတိုက်၌ ဂိုဏ်းပေါင်းစုံ မဟာသံဃအဖွဲ့ချုပ် အစည်းအဝေး ကျင်းပပြုလုပ်ရာတွင် ဆာဦးသွင်၏ အဆိုပြုချက်အရ မဟာသံဃအဖွဲ့ချုပ်က ဆာဦးသွင်ဦးဆောင်သော တောင်တန်းဗုဒ္ဓသာသနာပြုအဖွဲ့ကို ဖွဲ့စည်းပြီး တောင်တန်းဗုဒ္ဓသာသနာပြုလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် ၁၉၅၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းခဲ့သော ဗုဒ္ဓသာသနာအဖွဲ့ အက်ဥပဒေအရ ဆာဦးသွင် ဦးဆောင်သော ဗုဒ္ဓသာသနာပြုအဖွဲ့ ပေါ်ပေါက်

 mgyoe.com SAMPLE BOOK 

လာသောအခါ တောင်တန်းဗုဒ္ဓသာသနာပြုလုပ်ငန်းကို ဗုဒ္ဓသာသနာ့အဖွဲ့အနေဖြင့် ပြောင်းလဲယူကာ ဆက်လက်ဆောင်ရွက်ခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီက ဗုဒ္ဓသာသနာ့အဖွဲ့နှင့်တကွ သာသနာရေးဆိုင်ရာ အဖွဲ့အစည်းများကို ဖျက်သိမ်းပြီး၊ သာသနာရေးဦးစီးဌာနအဖြစ် စုစည်း ဖွဲ့စည်းပေးပြီးနောက် တောင်တန်းဗုဒ္ဓသာသနာပြုလုပ်ငန်းကို သာသနာရေးဦးစီးဌာနက ဆက်လက်ဆောင်ရွက်ခဲ့သည်။

၁၉၈၀ ပြည့်နှစ်တွင် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ပေါ်လာသောအခါ သံဃာ့အဖွဲ့အစည်းများ ဆောင်ရွက်ရန်ချမှတ်ထားသော သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး လုပ်ငန်း ၃ ရပ်တွင် ပြန့်ပွားရေးလုပ်ငန်းအဖြစ် နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့က တောင်တန်းဗုဒ္ဓသာသနာပြုလုပ်ငန်းကို လွှဲပြောင်းယူခဲ့သည်။ တောင်တန်း ဗုဒ္ဓသာသနာပြု ဗဟိုသံဃာ့အဖွဲ့ စည်းမျဉ်းနှင့် လုပ်ထုံးများ, လက်စွဲများကို ရေးဆွဲပြဋ္ဌာန်းပြီး၊ ယင်းစည်းမျဉ်းအရ တောင်တန်းဗုဒ္ဓသာသနာပြုလုပ်ငန်းကို ဆောင်ရွက်ရန် တောင်တန်းဗုဒ္ဓသာသနာပြု ဗဟိုသံဃာ့အဖွဲ့ကို အဖွဲ့ဝင် ၉ ပါးဖြင့် ဖွဲ့စည်းပြီး လွှဲပြောင်း တာဝန်ပေးခဲ့သည်။ သို့ရာတွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်မှုမရှိဘဲ ရှိရင်းမူလ တောင်တန်းဗုဒ္ဓသာသနာပြု လုပ်ငန်းကိုပင် ဆက်လက် ဆောင်ရွက်ခဲ့ခြင်းသာ ဖြစ်သည်။

ထို့ကြောင့် သာသနာပြန့်ပွားရေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ၁၉၉၁ ခုနှစ် မေလ ၉ ရက်နေ့တွင် သာသနာတော်ပြန့်ပွားရေး ဦးစီးဌာနကို ဖွင့်လှစ်ပေးခဲ့သည်။

ယခုအခါ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနသည် ပြည်တွင်းပြည်ပ သာသနာပြုလုပ်ငန်း ၂ ရပ်အနက် ပြည်တွင်းသာသနာပြု လုပ်ငန်းအတွက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အစည်းအဝေးက အတည်ပြုပြဋ္ဌာန်းပေးထားသော ထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒါစရိယ စည်းမျဉ်းနှင့်အညီ နိုင်ငံတော် သံဃာမဟာနာယကအဖွဲ့က ဖွဲ့စည်းပေးထားသည့် အဖွဲ့ဝင် ၉ ပါး ပါဝင်သော ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒစရိယအဖွဲ့ ဆရာတော်များ၏ ဩဝါဒကို ခံယူကာ နယ်စပ်နှင့် တောင်တန်းဒေသများအပါအဝင် မြန်မာတစ်နိုင်ငံလုံး လိုအပ်သောဒေသများတွင် ထေရဝါဒ ဗုဒ္ဓသာသနာပြုဌာန ဖွင့်လှစ်၍ သာသနာပြုရဟန်းတော်များ, လူပုဂ္ဂိုလ်များကို စေလွှတ်ခန့်ထား၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည်။

ဗုဒ္ဓသာသနာပြုလုပ်ငန်း ဟူသည် ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူခဲ့သော တရားတော်များကို မသိရှိသေးသူများ သိရှိလိုက်နာအောင်, သိရှိပြီးသူများ

mgyoe.com
SAMPLE BOOK

လည်း တိုး၍ သိရှိလိုက်နာ ကျင့်ကြံပွားများအောင် ဆောင်ရွက်ခြင်း၊ သင်ကြားပို့ချခြင်း၊ ဟောပြောရေးသားခြင်း၊ ဖြန့်ဖြူးခြင်း လုပ်ငန်းများပင် ဖြစ်သည်။

မြတ်ဗုဒ္ဓသာသနာ အဆုံးအမတရားတော်များ ပြန့်ပွားထွန်းကားအောင် ဆောင်ရွက်သော သာသနာပြုလုပ်ငန်းသည် ရဟန်းတော်များဘက်က ပဓာနအားဖြင့် ဆောင်ရွက်ရန် တာဝန်ရှိသကဲ့သို့၊ ဗုဒ္ဓဘာသာဝင်များဘက်တွင်လည်း တာဝန်ရှိပါသည်။

သာသနာပြုလုပ်ငန်း ဆောင်ရွက်ခြင်းသည် မြတ်စွာဘုရားနှင့်တကွ ရှင်မဟာကဿပ စသော သာဝကအဆက်ဆက်နှင့် သာသနာပြုဆရာတော်အဆက်ဆက်အား ကျေးဇူးတရား တုံ့ပြန်မှုဖြစ်သောကြောင့် ကြီးမြတ်သော ကုသိုလ်မင်္ဂလာထူးကို ရရှိနိုင်သည့်အပြင်၊ လောကတွင် ကျေးဇူးအကြီးမားဆုံးသူတစ်ယောက် အဖြစ်လည်း ဖြစ်နိုင်ပေသည်။ အမျိုးသားယဉ်ကျေးမှုနှင့် အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် စောင့်ထိန်းရာလည်း ရောက်ပေသည်။

ထို့ကြောင့် အမျိုး ဘာသာ သာသနာ ချစ်စိတ်ကို မွေးမြူပြီး ဗုဒ္ဓဘာသာဝင် သူတော်စင်တိုင်း သာသနာပြုလုပ်ငန်းကို ဆောင်ရွက်ကြပါ ဟု တိုက်တွန်းလိုက်ရပါသည်။ ။

သူရဒ္ဓမဂ္ဂဇင်း။ အတွဲ ၆, အမှတ် ၁။ ၂၀၀၆ ခုနှစ် ဇန်နဝါရီလ။

mgyoe.com

mgyoe.com SAMPLE BOOK

# အတုယူဖွယ် အဂ္ဂသာဝက ၂ ပါး၏ သာသနာပြုနည်း

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်က ကီဋာဂိရိဇနပုဒ်တွင် အရှင်အဿဇိနှင့် အရှင် ပုနဗ္ဗသုကတို့ ဦးစီးသော ရဟန်းသံဃာ ၅၀၀ ခန့် ရှိသည်။ ထိုရဟန်းများသည် ဝိနည်းတရားအရ မအပ်မစပ်သော လုပ်ရပ်များဖြင့် မဖွယ်မရာ ပြုမူနေထိုင်လျက် ရှိကြသည်။ ပန်းအမျိုးမျိုးစိုက်ပျိုး၍ ခူးယူသီကုံးပြီး အမျိုးသမီးကြီး, ငယ်များကို ပေးသည်။ ထို အမျိုးသမီးကြီး, ငယ်များနှင့်အတူ နေထိုင်လျက် ရှိကြရုံမျှမက၊ တစ်အိပ်ရာတည်းတွင် စောင်အတူခြုံ၍ အိပ်ကြသည်။ ညစာကိုလည်း စားသောက်ကြသည်။ နံ့သာလိမ်းကာ ထို အမျိုးသမီးကြီး, ငယ်များနှင့် အတူတကွ သီဆိုတီးမှုတ်ကြသည်။ ကျားထိုးခြင်း, စစ်တုရင်ကစားခြင်း စသော လောင်းကစားမှုများကိုလည်း ပြုလုပ်လျက်ရှိကြသည်။

ဤသို့ စသည်ဖြင့် အပျက်ကြီး ပျက်နေကြသော်လည်း ထိုအရပ်တွင် အစဉ်အလာ ဓလေ့တစ်ရပ်ကဲ့သို့ ဖြစ်နေသဖြင့် ၎င်းရဟန်းများအား ကြည်ညိုသူက များပြီး၊ မကြည်ညိုဘဲနေသူက အနည်းစုဖြစ်နေသည်။ 'အမှား အမှား မှားမှန် များက အမှားကိုပင် အမှန် ထင်' လာတတ်သဖြင့် အမှားကို အင်အားမကြီးမီ ပြင်ဆင်လိုက်ခြင်းသည် အကောင်းဆုံးပင် ဖြစ်သည်။ အကောင်း ဟူသမျှ မကြာ

mgyoe.com

mgyoe.com SAMPLE BOOK
ခဏ ပြုပြင်ပေးမှ အကောင်း တာရှည်ခံမည်။ ပြုပြင်မှုမရှိက အတုအပပေါ်ပြီး အကောင်း ပျောက်ကွယ်နိုင်သည်။

ကီဋာဂီရိဇနပုဒ်နေရဟန်းများ အပျက်ကြီးပျက်စီးနေကြချိန် တစ်နေ့သော အခါ ကာသိတိုင်းမှ ရဟန်းတော်တစ်ပါးသည် ဘုရားဖူးရန် သာဝတ္ထိသို့အသွား ထို ကီဋာဂီရိဇနပုဒ်သို့ရောက်လာပြီး ဝိနည်းတရားတော်နှင့်အညီ စက္ခုန္ဒြေချ၍ ကြည်ညိုဖွယ်ရာဂုဏ်ဆောင်လျက် ဆွမ်းခံကြွတော်မူရာ ကီဋာဂီရိဇနပုဒ်သူ ဇနပုဒ်သားများက မိမိတို့ကြည်ညိုသော ကီဋာဂီရိ ဇနပုဒ်ရဟန်းတို့၏ အမူအရာမျိုး မဟုတ်သောကြောင့် မကြည်ညိုသဖြင့် ဆွမ်းလောင်းမည့်သူ တစ်ဦးတစ်ယောက် မျှပင်မရှိဘဲ ဖြစ်ခဲ့သည်။ ကံအားလျော်စွာ ပညာအဆင်ခြင်ဉာဏ်ရှိသော ဉပါသကာ တစ်ဦးက ထိုရဟန်းကိုတွေ့၍ ဆွမ်းမရကြောင်း သိရသဖြင့် အိမ်သို့ပင့်ပြီး ဆွမ်း ဆက်ကပ်သည်။ ဆွမ်းဆက်ကပ်ပြီးနောက် ဉပါသကာက ထိုရဟန်းအား အကျိုး အကြောင်းမေးလျှောက်ရာ သာဝတ္ထိသို့ကြွကာ မြတ်စွာဘုရားအား ဖူးတွေ့ရန် ဖြစ်ကြောင်း သိရသောအခါ

"အရှင်ဘုရား။ သာဝတ္ထိမြို့ မြတ်စွာဘုရားထံရောက်လျှင် တပည့်တော်၏ စကားဖြင့် မြတ်စွာဘုရား၏ ခြေတော်အစုံကိုရှိခိုးပြီး ကီဋာဂီရိကျောင်း တိုက်ကြီး ပျက်စီးလောက်အောင် အဿဇိ, ပုနဗ္ဗသုကတို့ ကျင့်ကြံနေကြကြောင်း၊ သာသနာပြု စေလွှတ်ပေးပါမည့်အကြောင်း လျှောက်ထားပါဘုရား" ဟု ကီဋာဂီရိဇနပုဒ်နေ ရဟန်းများ၏ဖြစ်ပျက်နေကြပုံများကို ခရေစေ့တွင်းကျ လျှောက်ပြီးမှာကြားသည်။

ထို ဘုရားဖူးကြွသော ရဟန်းသည် သာဝတ္ထိသို့ရောက်၍ မြတ်စွာဘုရား အား ဖူးမြော်ပြီးနောက် ထိုဉပါသကာ၏ လျှောက်ထားမှာကြားစကားကို မြတ်စွာ ဘုရာ'အား လျှောက်ထားသည်။ ထိုအခါ မြတ်စွာဘုရားက လက်ယာတော်ရံ, လက်ဝဲတော်ရံ အဂ္ဂသာဝကဖြစ်တော်မူကြသော ရှင်သာရိပုတ္တရာနှင့် ရှင်မဟာ မောဂ္ဂလာန် မထေရ်မြတ် ၂ ပါးအား ခေါ်တော်မူပြီး

"ကီဋာဂီရိဇနပုဒ်နေ သင်တို့တပည့်များကို သင်တို့ကိုယ်တိုင် သွားရောက် ဆုံးမကြချေ။ သင်းတို့တစ်တွေ လူကြမ်း လူရမ်းများဖြစ်နေလျှင် သံဃာတော် အများ ခေါ်သွားကြ" ဟု မိန့်ကြားတော်မူသည်။

အဂ္ဂသာဝက အရှင်မြတ် ၂ ပါးသည် သံဃာတော် ၅၀၀ နှင့်အတူ ကီဋာဂီရိနေ ရဟန်းများအား ပြောဆိုဆုံးမမှု တစ်ခွန်းတစ်ပါဒမျှပင် ပြုတော်မမူ

mgyoe.com SAMPLE BOOK

ကြဘဲ၊ ကီဋာဂိရိဇနပုဒ်နေသူ ဒါယကာ, ဒါယိကာမများကိုသာ ရှေးဦးစွာ ရဟန်းတို့၏ကျင့်ဝတ်ဖြစ်သော ဝိနည်းတရားကို သင်ကြားပေးတော်မူကြသည်။

ကီဋာဂိရိဇနပုဒ်နေသူများသည် ဝိနည်းတရားကို တတ်သိနားလည်လာသောအခါ အဿဇိ, ပုနဗ္ဗသုကတို့ ဦးဆောင်သော ကီဋာဂိရိဇနပုဒ်နေ ရဟန်းများသည် ဝိနည်းတရားတော်နှင့်အညီ နေထိုင်မှုမပြုကြဘဲ၊ ဝိနည်းတရားနှင့်မညီသော အမူအရာများကို ပြုနေကြသူများဖြစ်ကြောင်း သိရှိလာကြသဖြင့် ကြည်ညိုမှုပျက်ပြားလာကြသည်။

ထိုအခါ အဂ္ဂသာဝက ၂ ပါးနှင့် သံဃာတော်များက ၎င်းတို့အား နှင်ထုတ်တော်မူခဲ့ကြသဖြင့် ကီဋာဂိရိဇနပုဒ်သာသနာတော် သန့်ရှင်းခဲ့ရသည်။

အဂ္ဂသာဝက အရှင်မြတ် ၂ ပါး၏ သာသနာပြုနည်းကား ရိုးစင်းသော်လည်း လူများရော ရဟန်းများပါ အကုသိုလ်အပြစ်ကင်းလာသဖြင့် အလွန်ပင်အတုယူဖွယ်ကောင်းသော သာသနာပြုနည်း ဖြစ်သည်။

'ဝိနယောနာမ သာသနဿ အာယု'၊ (ဝိနည်းသည် သာသနာတော်၏အသက်)ဟု ဟောတော်မူသောကြောင့် သာသနာတော်တွင် ဝိနည်းတရားတော်ကို ရဟန်းတော်များက အသက်ကဲ့သို့ စောင့်ထိန်း၍ ကျင့်သုံးနေထိုင်ရန် အထူးအရေးကြီးကြောင်း သိသာနိုင်ပါသည်။

ဝိနည်းသည် ရဟန်းတော်များ၏ သီလဖြစ်သောကြောင့် ဝိနည်းတရားနှင့်အညီ ကျင့်သုံးသော ရဟန်းတော်များသည် သီလဝန္တ သိက္ခာကာမ လဇ္ဇီရဟန်းများဖြစ်၍၊ ကြည်ညိုဖွယ်ဂုဏ်ကိုဆောင်သော ရဟန်းတော်အရှင်မြတ်များဖြစ်ကြောင်း သာသနာတော်ကို မကြည်ညိုသေးသူများအား ကြည်ညိုလာစေနိုင်သဖြင့် သာသနာတော် ပြန့်ပွားထွန်းကားမှုကို များစွာ အထောက်အကူပြုနိုင်သည်။ သာသနာပြုနည်း တစ်ရပ်အဖြစ် အကောင်းဆုံး ဖြစ်စေနိုင်ပါသည်။ ဝိနည်းတရားပျက်ပြားပြီး ကြည်ညိုဖွယ်ဂုဏ်ကို ဆောင်နိုင်ခြင်းမရှိလျှင် ကြည်ညိုပြီးသူများပင် အကြည်ညိုပျက်၍ သာသနာအတွက် အမည်းစက် ထင်လာစေနိုင်ပါသည်။ ကိုးကွယ်သူများလည်း အသိပညာနည်းသူ အဖြစ် အထင်သေးခံရဖွယ်ရှိ၍ အရှက်ရနိုင်သည်။

ဤသို့ ဝိနည်းတရား ပျက်ပြားပြီး ကြည်ညိုဖွယ်ဂုဏ်ကို မဆောင်သော ပုဂ္ဂိုလ်များ အားကောင်းလာလျှင်, အစဉ်အလာ ဓလေ့တစ်ရပ်ကဲ့သို့ဖြစ်လာလျှင် ရဟန်းနှင့် လူ အသွင်သာ ကွာခြားသော်လည်း ကျင့်သုံးဆောက်တည်မှု အတူတူပင်

mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်လာသောကြောင့် လူအများ ကြည်ညိုသဒ္ဓါ ခေါင်းပါးလာသဖြင့် သာသနာတော် ပျက်စီးရန် ရှိပါသည်။

အိန္ဒိယတွင် စင်ကြယ်သောထေရဝါဒ ဗုဒ္ဓသာသနာ စောစောစီးစီး ကွယ်ပျောက်ခဲ့ရခြင်းမှာ ဝိနည်းတရားကို အလေးမထားသော အတုအယောင်ရဟန်းများ အင်အားကောင်းလာသောကြောင့် ဖြစ်သည်ကို အားလုံး သိရှိကြပြီးဖြစ်သည်။

ကိဋ္ဌာဂိရိ ဇနပုဒ်နေသူများသည် သဒ္ဓါတရား ကြီးမားကြသော်လည်း ဝိနည်း အသိပညာ မရှိသောကြောင့် အဿဇိနှင့် ပုနဗ္ဗသုက အရှင်တို့ဦးဆောင်သော ရဟန်းများမှာ ပျက်ခြင်းကြီးပျက်စီး၍ နေနိုင်ခဲ့ကြခြင်း ဖြစ်သည်။

သဒ္ဓါ, ပညာ, သမာ, ဝီရိ စောင်းကဲ့သို့ညှိ၍ ကျင့်သုံးတတ်ရန် အလွန်အရေးကြီးကြောင်း ဤအချက်က ထင်ရှားစေပါသည်။ သဒ္ဓါကြီးပြီး သက်ဆိုင်ရာ အသိပညာ ဗဟုသုတမရှိလျှင် အလွဲအမှားယုံကြည်မှု ဖြစ်နိုင်သည်။ ပညာဗဟုသုတ ကြီးမားပြီး သဒ္ဓါတရား ခေါင်းပါးနေပြန်လျှင်လည်း ကောက်ကျစ်မှု ဖြစ်လာတတ်သည်။

ထို့ကြောင့် သဒ္ဓါ, ပညာ ညီမျှရန် အရေးကြီးကြောင်း ထင်ရှားသည်။

အချုပ်အားဖြင့် ဝိနည်းတရား အလေးမထားသော ရဟန်းယောင်များ ဖြစ်ပေါ်တည်ရှိလာရခြင်းမှာ ဝိနည်း မသိသော, မတတ်သော ဒကာ, ဒကာမများ၏ အားပေးချီးမြှောက် ကြည်ညိုနေကြမှုကြောင့် ဖြစ်သည်။

သူတော်ကောင်းတို့ လှူနည်း ၈ နည်း ရှိသည်တွင် အလှူခံကို စိစစ်ရွေးချယ်၍လှူခြင်း အချက်တစ်ရပ် ပါဝင်သည်။

သူတော်ကောင်းများသည် သီလ, သမာဓိ, ပညာ။ သိက္ခာ ၃ ရပ် အပြတ်ဂုဏ်နှင့်ပြည့်စုံသော အလှူခံကိုသာ ပစ္စုပ္ပန်, သံသရာ ၂ ဖြာ ကောင်းကျိုးနှင့် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းအကျိုးအတွက်ဟု လှူဒါန်းကြသည်။ ဝိနည်း မဆောင်သော သီလကြောင်များကို မလှူဒါန်းကြပါ။

ထို့ကြောင့် ရဟန်းသီလဖြစ်သော ဝိနည်းကို ဒကာ, ဒကာမများ၊ ဗုဒ္ဓဘာသာဝင် သူတော်စင်များသည် သာသနာတော်သန့်ရှင်းရေးအတွက်, တည်တံ့ထွန်းကား ပြန့်ပွားရေးကို အားပေးကူညီ ထောက်ပံ့နိုင်ရေးအတွက် တတ်သိနားလည်ရန် လိုအပ်သည်။ ဝိနည်းတရားကို လူများ တတ်သိနားလည်လျှင် ဝိနည်းသီလကင်းပြီး လူများနှင့်မခြား နေထိုင်လျက်ရှိသော ရဟန်းများအား ကြည်ညို

mgyoe.com SAMPLE BOOK

ထောက်ပံ့ခြင်း ပြုကြမည် မဟုတ်တော့ပါ။ ထိုအခါ ဝိနည်းတရား အလေးမထားသော ရဟန်းများသည် ဝိနည်းတရားကို အလေးထား လာနိုင်သည်။ အလေးမထားနိုင်လျှင်လည်း လူ့ဘောင်သို့ ပြောင်းသွားနိုင်သည်။ သာသနာတော်လည်း စင်ကြယ်လာသဖြင့် ကြည်ညိုဖွယ်ဂုဏ်အရ မကြည်ညိုသေးသူများ ကြည်ညိုလာနိုင်ပြီး၊ သာသနာတော်လည်း တိုးတက်စည်ကား ပြန့်ပွားလာနိုင်ပါသည်။

သီလဝန္တ ရဟန်းကောင်းများလည်း ကာယစိတ္တ သမဂ္ဂီရသကို ရတော်မူကြသဖြင့် စိတ်ချမ်းသာမှုကို ရရှိခံစားတော်မူနိုင်ကြပြီး၊ ကိုးကွယ်လှူဒါန်းမှု ပြုနေကြသူများလည်း ဂုဏ်သိက္ခာကြီးမားလျက် သံသရာအတွက် အကျိုးများနိုင်မည် ဖြစ်သည်။

ဒကာ, ဒကာမများ ဝိနည်းမတတ်ခြင်းသည် ရဟန်းသံဃာများအတွက် ဆိုးကျိုး ဖြစ်စေနိုင်သည်။

'တပည့်လိမ္မာ ဆရာ အာပတ်လွတ်' ဟု ဆိုစကား ရှိသည်။ 'အာပတ်' ဟူသည် ရဟန်းသံဃာတို့၏ အကုသိုလ် ပင် ဖြစ်သည်။ အာပတ် ၇ ပုံ ရှိရာတွင် အယုတ်ဆုံးအားဖြင့် အငယ်ဆုံးဖြစ်သော ဒုဗ္ဘာသိအာပတ်သင့်နေသော ရဟန်းတော်များ ယင်းအာပတ်ကို မကုစားလျှင် ဈာန် မဂ် ဖိုလ် အန္တရာယ် ဖြစ်သည်။ အာပတ်တန်းလန်းဖြင့် ပျံလွန်လျှင် အပါယ်ရောက်နိုင်သည်။ အကြီးဆုံး ပါရာဇိက အာပတ်ဖြစ်က ရဟန်းအဖြစ်ကို စွန့်၍ ကုစားရသည်။ သံဃာဒိသိသ်အာပတ်သင့်လျှင် ပရိဝါသ်စောင့်၍ ကုစားရသည်။ နိဿဂ္ဂိပါစိတ်အာပတ်သင့်လျှင် ယင်းပစ္စည်းကို ဒေသနာဂါမ်ဖြင့် ကုစားရသည်။

အာပတ်သင့်ခြင်း မကုစားဘဲ ဖုံးလွှမ်းခြင်း, အဂတိလိုက်စားခြင်း ၃ မျိုးသည် အလဇ္ဇီ (အရှက်မဲ့) လက္ခဏာ ဖြစ်ပါသည်။ ရဟန်းကောင်းများသည် ဝိနည်းတရားတော်နှင့်အညီ ကျင့်ကြံနေကြသဖြင့် လဇ္ဇီသီလဝန္တသိက္ခာကာမ ဖြစ်တော်မူကြသည်။

ဒါယကာ, ဒါယိကာမများ ဝိနည်းမသိသောကြောင့် ရဟန်းကောင်းများ, သီလဝန္တ သိက္ခာကာမ ရဟန်းတော်များ အာပတ်သင့်တတ်သည်။

အပ်, မအပ် မသိဘဲ သဒ္ဓါစေတနာ, လှူဒါန်းလာမှု, ချဉ်းကပ်ပူဇော်လာမှုများကို သီလဝန္တရဟန်းတော်များက ပယ်မြစ်ရန်မဖြစ်ဘဲ၊ ဒါယကာ, ဒါယိကာမများ၏ သဒ္ဓါစေတနာကို ငဲ့ကွက်ပြီး လိုက်လျောလက်ခံတော်မူကြရမှု ရှိသည်။ ထိုအခါ သီလဝန္တသိက္ခာကာမ ရဟန်းလောင်းများသည် သက်ဆိုင်ရာအာပတ်သင့်

mgyoe.com

ရောက်လာမှုကို ကုစားခဲ့ရသည်။ လဇ္ဇီဒုဿီလရဟန်းများကား သင့်ရောက်လာသော အာပတ်ကို မကုစားသည့်အပြင် လူဒါယကာများ၊ ဘာသာခြားများအမြင်တွင် ဗုဒ္ဓဘာသာကို အထင်သေးလောက်အောင် မသင့်လျော်မှု, ဝိနည်း မညီမှုများကို ပြုလုပ်ကြမည်ဖြစ်သည်။

ယခုအခါ ကမ္ဘာကို ပရိယတ်, ပဋိပတ်သာသနာ ပြန့်ပွား ထွန်းကားအောင် ဦးဆောင်မှုပေးနေရသော မြန်မာနိုင်ငံ ဗုဒ္ဓဘာသာ ရဟန်းကောင်းများအတွင်း၌ ဝိနည်းတော်နှင့်မညီသော ကိဋ္ဌာဂီရိဇနပုဒ်နေ ရဟန်းများသို့ မာတုဂါမ ကြီးငယ်များအား ကိုင်တွယ်မှု, ရပ်တကာလှည့်လည်၍ နည်းမျိုးစုံဖြင့် ငွေကြေး အလှူခံမှု စသည်ကို ပြုနေသောရဟန်းများ ရောနှောဝင်ရောက် နေရာယူလျက် ရှိနေပါသည်။

မာတုဂါမကြီးငယ်အား ကိုင်တွယ်မှုကား ကြီးလေးသော သံဃာဒိသိက် အာပတ် သင့်ရောက်ပါသည်။ ပရိဝါသ်စောင့်၍ကုစားမှ ပျောက်ကင်းသောအာပတ်မျိုး ဖြစ်သည်။ ရေကန်တွင်းဆင်းမိက ရဟန်းဘဝကိုစွန့်၍ ကုစားမှ ယင်း ပါရာဇိက အာပတ် ပ,ပျောက်နိုင်သည်။ ရွှေ, ငွေ ကိုင်တွယ်မှုကား နိဿဂ္ဂိပါစိတ်အာပတ် သင့်ပါသည်။ ယင်းအာပတ်သင့်သော ပစ္စည်းဝတ္ထုကို စွန့်ပြီး ဒေသနာဂါမ်ဖြင့် ကုစားမှ ယင်း နိဿဂ္ဂိပါစိတ်အာပတ် ပြေပျောက်မည်ဖြစ်သည်။

မြန်မာနိုင်ငံ ဗုဒ္ဓသာသနာသည် စင်ကြယ်သော ထေရဝါဒ ဗုဒ္ဓသာသနာ ဖြစ်ပါသည်။ သဒ္ဓါတရားကြီးသော မင်းအစိုးရတို့၏အာဏာစက် ထက်မြက်သော ကြောင့်လည်း သန့်ရှင်းခဲ့ရသည်။ ဓမ္မစက်, အာဏာစက် ထာဝရ တွဲဖက်ဆောင်ရွက်မှု ပြုနေရန် လိုအပ်သည်။

ယင်း စက် ၂ စက်၏ အကူအညီမရပါက သာသနာတော်အတွင်း အညစ်အကြေးများ ဝင်ရောက်လာနိုင်သည်။ ဗုဒ္ဓဘာသာဝင်များသည် ရဟန်း သံဃာတော်များအား ဆည်းကပ်ကိုးကွယ်ပြီး ထောက်ပံ့လှူဒါန်းမှုပြုနေခြင်းမှာ သီလ, သမာဓိ, ပညာဂုဏ်အားဖြင့် လူများထက် မြင့်မြတ်သည်ဟု ယုံကြည်သော ကြောင့်၊ မြတ်စွာဘုရားချမှတ်ပေးထားသော ဂန္ထဓုရ (စာပေကျမ်းဂန် သင်ကြားမှု), ဝိပဿနာဓုရ (ကျင့်ကြံပွားများမှု)လုပ်ငန်း ၂ ရပ်ကို ပြုနေတော်မူသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ဝိနည်းတရားတော်နှင့် အညီမနေဘဲ ကိဋ္ဌာဂီရိဇနပုဒ်နေ ရဟန်းများကဲ့သို့ ကျင့်ကြံနေကြသော သာသနာ့အညစ်အကြေးများ ပ,ပျောက်ရန် လိုအပ်သည်။ မပ,ပျောက်လျှင် ယင်း ဝိနည်းတော်နှင့်မလျော်သော အပြုအမူများ

mgyoe.com SAMPLE BOOK

အားကောင်းလာနိုင်သည်။ အစဉ်အလာဓလေ့တစ်ရပ်ကဲ့သို့ ဖြစ်လာနိုင်သည်။ အစဉ်အလာတစ်ရပ်, ဓလေ့တစ်ခုအဖြစ်သို့ ရောက်သွားလျှင် ပြုပြင်ရန် ခဲယဉ်းလှသည်။

ကီဠာဂီရိဇနပုဒ်နေ ရဟန်းများနှင့် ဝဇ္ဇီတိုင်းသား ရဟန်းတော်များ၏ အပြုအမူများသည် အစဉ်အလာတစ်ရပ် ဓလေ့တစ်ခုကဲ့သို့ ဖြစ်လာသောကြောင့် ပြုပြင်ရန် ခက်ခဲခဲ့သည်။ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူခြင်း၊ အဂ္ဂသာဝက ၂ ပါး၏ လိမ္မာပါးနပ်စွာ ပြုပြင်မှုဖြစ်ခြင်းကြောင့်သာ ကီဠာဂီရိဇနပုဒ် သာသနာ သန့်ရှင်းခဲ့ရသည်။

သို့ရာတွင် ဝဇ္ဇီတိုင်းသား ရဟန်းတော်များမှာမူ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီး၍ နှစ်ပေါင်း ၁၀၀ ရှိလာခြင်း၊ အဓမ္မဝါဒီများ အားကောင်းလာခြင်းတို့ကြောင့် ရှင်မဟာယသ ရဟန္တာအရှင်မြတ်နှင့် အခြား ရဟန္တာအရှင်ကောင်းများက မည်သို့ပင် ပြုပြင်ခဲ့သော်လည်း ပြုပြင်၍မရတော့ဘဲ၊ ထေရဝါဒနှင့် မဟာသံဃိက ဟူ၍ ရဟန်းတော် ဂိုဏ်းကြီး ၂ ဂိုဏ်း စတင်ကွဲခဲ့ရပါသည်။ သာသနာတော်တွင် အညစ်အကြေး ထင်ကျန်ရစ်ခဲ့ရသည်။ ယင်းမှတစ်ဆင့် အိန္ဒိယတွင် စင်ကြယ်သော ထေရဝါဒဗုဒ္ဓသာသနာတော် ကွယ်ခဲ့ရသည်အထိ ဖြစ်ခဲ့ရသည်။

ထို့ကြောင့် သာသနာတော်တွင် အဓမ္မဝါဒီ, အဝိနယဝါဒီများ အင်အားမကောင်းမီ၊ အစဉ်အလာတစ်ရပ်, ဓလေ့တစ်ရပ်ကဲ့သို့ မဖြစ်မီ ပြုပြင်ပေးရန် အလွန်လိုအပ်လျက် ရှိနေသည်။

ဤသို့ပြုပြင်ရာတွင် ကီဠာဂီရိဇနပုဒ်နေ ရဟန်းတော်များအား အဂ္ဂသာဝက အရှင်မြတ် ၂ ပါးက လူဒါယကာများအား ဝိနည်းတရား သင်ကြားပေးသောနည်းဖြင့် ပြုပြင်ခြင်းနည်းသည် အကောင်းဆုံးပြုပြင်ပေးနည်း ဖြစ်သောကြောင့် လူတိုင်း, ဗုဒ္ဓဘာသာဝင်တိုင်း ဝိနည်းတရား တတ်သိနားလည်အောင်လေ့လာပြီး၊ သာသနာတော်သန့်ရှင်းစင်ကြယ်ရေးအတွက် အထောက်အကူ ပေးနိုင်သည်။

မြတ်စွာဘုရားလက်ထက်တော်က စိတ္တသူကြွယ် စသော ဒကာများ, ခုဇ္ဇုတ္တရာ စသော ဒကာမများသည် ဝိနည်းပိဋကနှင့်တကွ ပိဋက ၃ ပုံ နှုတ်ငုံဆောင်ကြသကဲ့သို့၊ ပုဂံပြည်မှ သင်္ဃပဝဏ္ဏနာကျမ်းပြု အရှင်ဆပဒနှင့်အတူ သီဟိုဠ်မှပါလာသော ရှင်ရာဟုလာ သည် ပုဂံမှ သီဟိုဠ်သို့ ပြန်ရာ မလေးရှားအရောက် မလေးရှားဘုရင်ကကိုးကွယ်ပြီး ဘုရင်အား စ၍ ဝိနည်း ခုဒ္ဒသိက္ခာနှင့် လက်သန်းအဋ္ဌကထာကို ပို့ချပေးခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

'မင်းတုန်းမင်းကြီး၏ စကြာဒေဝီ မိဖုရားကြီးသည်လည်း သုဝဏ္ဏ, အဘိဓမ္မာကို သင်ကြားပြီး၊ ဘိက္ခုဝိဘင်းမှစ၍ ဝိနည်း ၅ ကျမ်းလုံးကို ကြည့်ရှုဖတ်နာသည်ဟု စာတော်ဖတ်တို့ လျှောက်ထားကြောင်း' လယ်တီဆရာတော် မိန့်ကြားသည်ဟု သိရှိရသည်။ သို့ရာတွင် အာဂါရိက လူကျင့်ဝတ်ဝိနည်း။ အနာဂါရိက ရဟန်းကျင့်ဝတ်ဝိနည်း ၂ မျိုးရှိရာ အာဂါရိကဝိနည်းရှိသူသာလျှင် အနာဂါရိကဝိနည်းကို သင်ယူသင့်သည်။ သူတစ်ပါးအား စွပ်စွဲလိုမှုဖြင့် အနာဂါရိကဝိနည်းကို မသင်ယူသင့်။ သာသနာတော်အကျိုးများစေလိုသော စေတနာကောင်းဖြင့် သင်ကြားသင့်သည်။

မင်းတုန်းမင်းကြီးလက်ထက်က ရန်ကုန်၌ဖြစ်ပေါ်ခဲ့သော 'လူသာမဏေများ ဝိနည်း သင်အပ်, မသင်အပ်' အဓိကရုဏ်းနှင့်ပတ်သက်၍ သုဓမ္မာသာသနာပြု ဆရာတော် ၈ ပါးက သင်အပ်ကြောင်း။ သို့သော် စွပ်စွဲပြောဆိုခြင်းမှာ မသင်အပ်ကြောင်း ဆုံးဖြတ်တော်မူခဲ့ကြပါကြောင်း တင်ပြလိုက်ရပါသည်။ ။

※

သူရဋ္ဌမဂ္ဂဇင်း။ အတွဲ ၆, အမှတ် ၂။ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ။

mgyoe.com

mgyoe.com SAMPLE BOOK

# ဓမ္မစေတီမင်းနှင့် သာသနာရေးဆောင်ရွက်ချက်များ

## ဓမ္မစေတီမင်း၏ထူးခြားမှု

ဓမ္မစေတီမင်းကို 'ရာမာဓိပတိ' ဟူ၍လည်း ခေါ်သည်။ သာသနဗဟုသုတပကာသနီကျမ်း၌ 'စေတိယမင်း' ဟူ၍ ရေးသားဖော်ပြထားသည်။

မွန်ရာဇဝင်တစ်စောင်အဆိုအရ သမလ, ဝိမလမင်း မတိုင်မီက ဟံသာဝတီခေါ်ပြီး၊ သမလ, ဝိမလမင်းလက်ထက်မှစ၍ တေလဂူကုလားများအား ဥပါယ်ဖြင့် အနိုင်ယူခဲ့သည်ကို အစွဲပြု၍ ဖဲ့ဂို့ (ပဂိုး) ဟူ၍ခေါ်ခဲ့သော ပဲခူးတွင် မထင်ရှားသော ဓနိးမောင်နှံအိမ်တစ်အိမ် ရှိသည်။

ယင်း ဓနိးမောင်နှံတို့၏အမည်မှာ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ ဓမ္မစေတီဝတ္ထုတွင် ယောကျ်ားအမည်သည် ဗောဓိဂမုန်း, ဓနိးအမည်သည် မယ်ထပ် ဖြစ်သည် ဟု ဖော်ပြထားသည်။

တစ်ညှ။ မယ်ထပ် အိပ်ပျော်သောအခါ 'ဝတ်ဖြူစင်ကြယ်ဝတ် သူတော်စင်တစ်ဦး အရှေ့မျက်နှာအရပ်မှလာပြီး၊ မုဒရက်သီးတစ်လုံးကို ခေါင်းပေါ် တင်၍ ကြာ ၃ ပွင့် ပေးသွားသည် ဟု အိပ်မက်မြင်မက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ယင်းအိပ်မက်နှင့် ပတ်သက်၍ ဆရာပုဏ္ဏားတစ်ဦးက ပဋိသန္ဓေစွဲကပ်သော သတို့သားမှာ ရှေးဦးစွာရဟန်းပြု၍ ပိဋကတ် ၃ ပုံ အလုံးစုံတတ်မြောက်မည် ဖြစ်ကြောင်း၊ ကြာ ၃ ပွင့်အနက် ကြာခေါင်းလောင်းအလိုမှာ မွန်ဘာသာအဓိပ္ပာယ်အရ ဟံသာဝတီ ပဲခူးနေပြည်တော်ကို ဘုန်းမီးနေလ အစိုးရမည်။ ကြာဖြူအလိုမှာ မွန်ဘာသာအဓိပ္ပာယ်အရ အလွယ်တကူ မင်း ဖြစ်မည်။ ကြာနီအလိုမှာ မွန်ဘာသာအဓိပ္ပာယ်အရ ကျော်စောမည်ဖြစ်ကြောင်း နိမိတ်ဖတ်သွားသည်။

မယ်ထပ်လည်း ဥပုသ်သီတင်း ဆောက်တည်နေထိုင်လာခဲ့ရာ ပဋိသန္ဓေ ၃ လ ရှိသောအခါ၊ ရဟန်းတော်တစ်ပါးသည် မိမိလက်ကိုဆွဲ၍ ရွှေမော်ဓောဘုရားရင်ပြင်ပေါ်သို့ တင်ဆောင်သည်' ဟု အိပ်မက်,မက်သည်။

ကိုယ်ဝန် ၆ လ ရှိသောအခါ 'ရွှေမော်ဓောဘုရား ခေါင်းလောင်းပုံထက်သို့ တက်ရောက်နေထိုင်ရသည်' ဟု မြင်မက်ပြန်သည်။

၁၀ လစေ့သောအခါ ရတနာသားကောင်းသားမြတ်ကို မွေးဖွားသဖြင့်၊ မိဘ ၂ ပါးက 'မင်းထန်' ဟူ၍ အမည်ပေးခဲ့ကြသည်။ မင်းထန်၏မိဘများသည် ဆင်းရဲသူများဖြစ်ကြသည့်အလျောက်၊ သားဖြစ်သူ မင်းထန် ကြီးပြင်းလာ၍ နွားကျောင်းနိုင်သောအခါ၊ အခြားနွားကျောင်းသားများနှင့် ကစားကြရာတွင် မင်းထန်ကို ဘုရင်အဖြစ် တင်မြှောက်၍ ကစားကြသည်။ နွားချေးခြောက်တို့ကို ကျိုင်းကာ ပြုပြီးလျှင် လက်ထမ်းစင်ဖြင့် ဘုရင်မင်းထန်ကို ထမ်းပိုးကြသည်။

ယင်းအကြောင်းကို ရွာသူကြီး ကြားသိသော် မင်းထန်၏မိဘ ၂ ပါးကို ခေါ်၍၊ 'မင်းထန်ကစားပုံ, မင်းစိုးရာဇာတို့ကြားလျှင် သင့်မည်မဟုတ်၍ မင်းထန်ကို ရှင်သာမဏေပြုပေးရန်' ပြောသည်။ မိဘတို့ကလည်း မင်းထန်ကို ကျောင်းအပ်ရှင်ပြုပေသည်။

ၾင်းနောက် မင်းထန်သည် စနုကလကျောင်းသို့ ပြောင်းရွှေ့၍ ပညာသင်ရာ သင်ပုန်းကြီးမှစ၍ ဖတ်စာ, ဇာတ်နိပါတ်, ကျမ်းဂန်စာပေများနှင့် ဟူးရား, ဂဏန်း, ဗိန္ဓော, ရောဂါနိဒါန်း စသော ဆေးကျမ်းတို့နှင့်တကွ အဋ္ဌာရသ ၁၈ ရပ်သော အတတ်ပညာရပ်များကို ဆည်းပူးနေစဉ်၊ တစ်နေ့၌ အခြားကျောင်းတစ်ကျောင်းသို့ စာထုပ်သွားပို့ပြီးအပြန်တွင် သစ်ပင်ကြီးတစ်ပင်အောက်သို့ ရောက်သောအခါ

mgyoe.com

mgyoe.com SAMPLE BOOK

"ဟာ၊ သာမဏေ။ သာမဏေမင်းဖြစ်လျှင် တရား ၁၀ ပါးကို စောင့်စည်းပါ" ဟူသောအသံကို ကြားရသည်။

သို့ရာတွင် လူကို မတွေ့ရသဖြင့် ရုက္ခစိုးနတ် ပြောသည်ဟု နှလုံးပိုက်လျက် ကျောင်းသို့ ပြန်ခဲ့သည်။

စနုကလဆရာတော်လည်း ကိုရင်မင်းထန်အား ကျမ်းဂန်, စာပေ, ပိဋကတ်တို့ကို နှုတ်လွတ် အာဂုံဆောင်နိုင်သောကြောင့် 'ဓမ္မဓရ' ဟု ဘွဲ့အမည် ပေးသည်။

ဓမ္မဓရကိုရင်နည်းတူ ဉာဏ်ကောင်းသော အခြား သာမဏေတစ်ပါး ရှိသေးသည်။ ထိုသာမဏေကား 'ဓမ္မဉာဏ' ဖြစ်သည်။

ဓမ္မဓရ, ဓမ္မဉာဏ သာမဏေ ၂ ပါးမှာ တစ်ပါးနှင့်တစ်ပါး အလွန်ပင် ချစ်ခင်စွာ နေထိုင်လျက်ရှိကြသည်။ တစ်နေ့တွင်

ဓမ္မဓရ, ဓမ္မဉာဏ သာမဏေ ၂ ပါးသည် အထက်အင်းဝနေပြည်တော်သို့ သွား၍ ပညာသင်ရန် တိုင်ပင်ညီညွတ်ကြပြီး၊ ဆရာတော်အား လျှောက်ထားရာ ခွင့်ပြုတော်မူသဖြင့် အထက်အညာသို့ဆန်တက်ပြီး၊ စစ်ကိုင်း ဦးအရိယဓဇကျောင်းတွင် စာပေကျမ်းဂန် သင်ကြားနေထိုင်ခဲ့ကြသည်။

ထိုအခါတွင် အင်းဝ၌ရှိသော ရှင်စောပုက မွန်ကိုရင် ၂ ပါး စစ်ကိုင်းဘက် ဦးအရိယဓဇကျောင်းတွင်ရှိကြောင်း ကြားလျှင်၊ အပါးတော်များမှ သင့်လျော်သော အပျိုတော်များအား ပင့်ခိုင်းလိုက်သဖြင့် ကိုရင် ၂ ပါးသည်လည်း မိဖုရားရှင်စောပုထံ ရောက်ရှိခဲ့ကြသည်။

ကိုရင် ၂ ပါး ရောက်ရှိလာကြသောအခါ ရှင်စောပုက အောက်ပြည်အောက်ရွာတွင် သာယာချမ်းအေး မိုးလေဝသမှန်မှု၊ ဆွေတော်မျိုးတော်များနှင့် တိုင်းသူပြည်သားများ ကျန်းမာချမ်းသာမှု ရှိ, မရှိ စသည်ကို မေးမြန်းစုံစမ်းသည်။

ရှင်စောပုကား ဟံသာဝတီ မွန်ဘုရင် ရာဇာဓိရာဇ်မင်း၏ သမီးတော် ဖြစ်သည်။ ရာဇာဓိရာဇ်မွန်ဘုရင်တွင် သားတော်ကြီး ပုသိမ်မြို့စား ဗညားဓမ္မရာဇာ, သားတော်လတ် ဒလမြို့စား ဗညားရန်ခိုက်, သားတော်ငယ် မုတ္တမမြို့စား ဗညားကျန်း နှင့် သမီးတော် ရှင်စောပု ထွန်းကားသည်။

ရှင်စောပု အသက် ၂၀ အရွယ်တွင် ရာဇာဓိရာဇ်၏တူတော် သမိန်စည်သူ နှင့်စုံဖက်ပြီး၊ 'နဲတကာထော်, နဲတကာသင်' ဟူ၍ သမီးတော် ၂ ပါးနှင့် သားငယ် သမိန်မရူ ထွန်းကားသည်။ အသက် ၂၅ နှစ်တွင် ကြင်ဖက် သမိန်စည်သူ

ကွယ်လွန်သောအခါ အသက်ငယ်ငယ်ရွယ်ရွယ်ဖြင့် မုဆိုးမဘဝသို့ ကျရောက်ခဲ့ရပြီး ဒဂုန်တွင် တစ်ပင်တိုင် စံနေခဲ့ရသည်။

ဘုရင် ရာဇာဓိရာဇ် နတ်ရွာစံသောအခါ သားတော်ကြီး ဗညားဓမ္မရာဇာ နန်းစံသည်။ ထိုအခါ ညီငယ် ၂ ပါး ပုန်ကန်လာသည့်အပြင်၊ အင်းဝဘုရင် သီဟသူ ကလည်း လာရောက်တိုက်ခိုက်ပြန်သဖြင့် ပြည်အလုံး ဝရုန်းသုန်းကား ဖြစ်နေရသည်။ ထို့ကြောင့် ဗညားဓမ္မရာဇာမင်းက တစ်ဘက်မှ စစ်အေးရာအေးကြောင်းအတွက် ချစ်လှစွာသော အသက် ၂၉ နှစ်ရှိ နှမတော်ရှင်စောပုကို ဘုရင်သီဟသူအား ပေးအပ်ခဲ့သည်။

ဘုရင်သီဟသူကလည်း ရှင်စောပုကို အလွန်ချစ်မြတ်နိုးသဖြင့် မိဖုရားကြီး အဆောင်အယောင် ပေးသည်။ ၃ နှစ်ခန့် နေပြီးနောက် ဘုရင်သီဟသူ နတ်ရွာစံသောအခါ ရှင်စောပုသည် သားတော် မင်းလှငယ်နှင့် ၃ လခန့် ကျန်ရစ်နေထိုင်ခဲ့ရသည်။ ရာဇဝင်၌ သီဟသူ နတ်ရွာစံပြီးနောက် စောမင်းလှ၏သား အသက် ၉ နှစ်မျှရှိသော မင်းလှငယ်ကို နန်းတင်ကြောင်း ဖော်ပြထားသည်။ မင်းလှငယ် ကွယ်လွန်ပြီးနောက် ရှင်စောပုသည် အင်းဝတွင် ဆက်လက်နန်းစံခဲ့သော ကလေး ကျေးတောင်ညိုမင်းနှင့် ၇ လ၊ ပုခန်းတရဖျားမင်းနှင့် ခေတ္တနေပြီးနောက် မိုးညှင်းမင်း၏မိဖုရားအဖြစ် ဆက်လက်နေခဲ့ရသည်။

ရှင်စောပုသည် မိုးညှင်းမင်းတရားနှင့် ၃ နှစ် ပေါင်းသင်းခဲ့ကြောင်း၊ အင်းဝတွင် ၇ နှစ် နေခဲ့ရကြောင်း ရာဇဝင်များ၌ ဖော်ပြထားသည်။

အင်းဝတွင် နှစ် ၂၀ နေသည် ဟုဆိုပါမှ ဟံသာဝတီသို့ စုန်ပြေးချိန် အသက် ၄၉ နှစ် ဖြစ်ကြောင်းအဆိုနှင့် ကိုက်ညီမည် ဖြစ်သည်။

ရှင်စောပုသည် ဟံသာဝတီသို့ စုန်ပြေးသောအခါ မိုးညှင်းမင်းတရားက "သူလည်း အိုပါပြီ" ဟု ဆိုမှုကို ထောက်က အသက် ၄၉ နှစ်တွင် ဟံသာဝတီသို့ စုန်ပြေးခြင်းဖြစ်ကြောင်း ထင်ရှားသည်။

ရာဇဝင်များတွင် ဖော်ပြသကဲ့သို့ အင်းဝတွင် ၇ နှစ်မျှ နေခြင်းဖြစ်လျှင် ဟံသာဝတီသို့ စုန်ပြေးချိန်တွင် အသက် ၃၆ နှစ်မျှသာ ရှိဦးမည်ဖြစ်၍၊ အိုမှုဖြစ်သည် ဟု ဆိုနိုင်မည် မဟုတ်ပါ။ ထို့ကြောင့် အင်းဝတွင် နှစ် ၂၀ နေကြောင်းအဆိုသာ သင့်လျော်နိုင်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ရှင်ဓမ္မဓရ, ရှင်ဓမ္မဉာဏတို့ စစ်ကိုင်းရောက်ချိန်တွင် ရှင်စောပုသည် မိုးညှင်းမင်းတရား၏မိဖုရားအဖြစ် အင်းဝတွင် နန်းစံလျက်ရှိနေသည်။

ထိုအခါ ရှင်စောပုသည် အသက်အရွယ် ကြီးရင့်နေပြီဖြစ်သည်။ ရှင်သာမဏေ ၂ ပါးကို သားပြု၍ မွေးစားခဲ့သည်။ ရှင်သာမဏေ ၂ ပါးကလည်း ထိုအခါမှစ၍ ရှင်စောပု စံအိမ်တော်သို့ မကြာခဏ ဝင်ထွက်သွားလာနေခဲ့တော့သည်။

တစ်နေ့တွင် စစ်ကိုင်းသူများသည် သင်္ကြန်အခါ အတာညောင်ရေ သွန်းလောင်းကြလေရာတွင် သာမဏေ ၂ ပါးနေသော ကျောင်းနားသို့ရောက်လျှင် အမျိုးသမီးများက လက်ခုပ်လက်ဝါးတီးကြပြီး

"ဓမ္မဓရ အောက်ပြည်သား မင်းတရား ဟုတ်သည်"ဟု တဘောင်သီချင်း ကျူးရင့်သီဆိုကြသည်။

ယင်း တဘောင်သီချင်းသည်လည်း တိုင်းသူပြည်သား ရှင်လူအများသို့ ပြန့်ကားသွားရာ အလွန်ပင် အံ့သြပြောပ ချီးမွမ်းကြသည်။

တစ်နေ့တွင် ရှင်သာမဏေ ၂ ပါးသည် ရှင်စောပုထံ သွားရောက်ကြပြီး အပြန် စစ်ကိုင်းသို့ရောက်သောအခါ ခရီးပန်းသဖြင့် မြစ်ဆိပ်ကမ်းနားတွင် သင်္ကန်းများ ချွတ်ပုံ၍ မြစ်သို့ဆင်း၍ ရေချိုးကြစဉ်၊ ရုတ်တရက် လေမုန်တိုင်းကျရောက်လာကာ ရှင်ဓမ္မဓရ၏ ဒုကုဋ် ကိုယ်ရုံ သင်းပိုင်တို့သည် လေထဲပါသွားပြီး၊ ဒုကုဋ်သင်္ကန်းမှာ ဥကင်တံခါးတွင်တင်၍ သင်းပိုင်မှာ ဝင်းတံခါးတွင် တင်သည်။

ထိုအခြင်းအရာကို အင်းဝဘုရင်မြင်တော်မူသောအခါ ချက်ချင်း "သင်္ကန်းရှင်ကို မတွေ့,တွေ့အောင် ရှာချေ"ဟု မင်းမှုထမ်းတို့ကို ခိုင်းစေတော်မူခဲ့သည်။

မင်းမှုထမ်းများလည်း စစ်ကိုင်း, ပင်းယ, အင်းဝ တစ်လျှောက် မွှေနှောက်ရှာခဲ့ကြသည်။

ကိုရင်ဓမ္မဓရလည်း မိမိသင်္ကန်း လေထဲပါသွားသဖြင့် ကိုရင်ဓမ္မဉာဏ၏ သင်္ကန်းကို တောင်းယူဝတ်ရုံပြီး ကျောင်းသို့ပြန်မည့်ဆဲဆဲတွင် သင်္ကန်းရှင်ကို ရှာဖွေနေကြသော မင်းမှုထမ်းများနှင့် ပက်ပင်းတိုးမိသဖြင့် မင်းမှုထမ်းများက ကိုရင်ဓမ္မဓရကိုထမ်း၍ နန်းတော်သို့ခေါ်သွားကြသည်။

အင်းဝ မိုးညှင်းမင်းတရားက ကိုရင်ဓမ္မဓရကို စစ်မေး၍ ကိုရင်ဓမ္မဓရ သင်္ကန်း အမှန်ဖြစ်ကြောင်းသိလျှင်

"ကိုရင်သည် မည်သူ့သား နည်း"ဟု မေးသော်

mgyoe.com

mgyoe.com SAMPLE BOOK
"ငါကား ဟံသာဝတီက စာသင်တက်လာသည်" ဟုပြောလျှင်၊ အင်းဝဘုရင်က

"ကိုရင်၏နိမိတ်ကိုလည်း ငါဖတ်မည်။ ကိုရင် အရပ်နှင့်အမျှ ရွှေကိုပုံ၍ ငါ့အား ပူဇော်လော့"ဟု ဆိုသောအခါ၊ ကိုရင်ဓမ္မဓရသည် မိမိခါး၌ရှိသော ရွှေ ၃ ကျပ်သားကိုထုတ်ပြီးလျှင် အနားတွင်ရှိသော မိမိအရပ်နှင့်မျှသော သစ်ပင် တစ်ပင်ပေါ်သို့ တင်ပြီးနောက်

"ဒကာတော်မင်းမြတ်။ ဖတ်တော်မူလော့"ဟုဆိုရာ အင်းဝဘုရင်လည်း 'ဤကိုရင်သည် ဘုန်းတန်ခိုးသာ ရှိသည်မဟုတ်။ ဇဝနပဋိဘာန် လျင်မြန် သော ဉာဏ်ပညာလည်း ရှိပေစွတကား' ဟု စဉ်းစားဆင်ခြင်ပြီးသော်

"ကိုရင်၏ဒုကုဋ်သည် နန်းတော်စုလစ်ဖျား၌ တင်ရှိသောနိမိတ်မှာ ကိုရင် သည် ဟံသာဝတီပြည်မှာ မင်းတကာတို့ထက် ထင်ပေါ်ကျော်စောသောမင်း ဖြစ် လတ္တံ့။ ကိုရင်၏ ကိုယ်ဝတ်သင်္ကန်းသည် စံနန်းတော် ဥကင်သတံခါးတွင် တင်လွှမ်း နေသည့်အလိုကား ကိုရင်၏သားလည်း မင်း ဖြစ်လိမ့်မည်။ ကိုရင့်သင်းပိုင်သည် ဝင်းတော်တံခါးတွင် တင်လွှမ်း ရှိလာသည့်အလိုကား ကိုရင်၏မြေးလည်း မင်း ဖြစ်လတ္တံ့။ သို့ရာတွင် ကိုရင်၏မြေးသည် နန်းထက်တွင် အသက်သေဆုံးရမည် မဟုတ်။ ကစားမြူးတူး အပျော်ကြူးသည်ဖြစ်ပေရာ ရွာစွန်ရွာဖျား တောအုံ ကနားမှာသာ သေရလိမ့်မည်"

မင်းကြီးသည် ဤသို့ နိမိတ်ဖတ်ပြီးလျှင် ကိုရင်ဓမ္မဓရ၏သင်္ကန်းများကို ကိုရင်အား ပြန်ပေးပြီးနောက်

"ကိုရင်။ ကိုရင်ပူဇော်သော ရွှေကို မျက်ပါးခတ်၍ ကြက်ယက်ဘုရားသို့ လှူရမည်"ဟုပြောကာ ကိုရင်ဓမ္မဓရအား ကျောင်းပြန်ရန် ခွင့်ပေးတော်မူသည်။

ကိုရင်ဓမ္မဓရလည်း သင်္ကန်းများကို ဝတ်ရုံပြီးလျှင်

"ဒကာတော်ဘုရင်မင်းမြတ် ဖတ်တော်မူသည့်အတိုင်း မြင့်မြတ်သော ဘုရင်ဖြစ်လျက် ရှင်ချစ်မြတ်စွာ သာသနာ၌ ဒါယကာ ဖြစ်ရပါစေသတည်း" ဟု ဆုတောင်းပြောဆိုပြီးနောက် ကျောင်းသို့ ပြန်ကြွသွားတော့သည်။

ကိုရင် ၂ ပါးသည် ဦးအရိယဓဇကျောင်းတွင် စာပေသင်ကြား၍ ၃ နှစ် ခန့် ရှိသောအခါ နဂို စာပေအခံရှိသူများဖြစ်သောကြောင့် ပိဋကတ် ၃ ပုံ အလုံးစုံ ချောက်ချားနိုင်လျက်၊ အသက်လည်း ၂၀ ပြည့်ပြီဖြစ်၍ မိဖုရားရှင်စောပုကပင် ရဟန်းအစ်မ ခံယူ၍ ပဉ္စင်းတက်ကြသည်။

mgyoe.com SAMPLE BOOK

ပဥ္စင်းဖြစ်ကြပြီးနောက် စာပေကျမ်းဂန်ကို သင်အံလေ့ကျက်ခြင်း မပြုကြတော့ဘဲ လောကီဝိဇ္ဇာ, သိပ္ပံအတတ်မျိုးဖြစ်သော အင်းအိုင်, ခါးလှည့်, လက်ဖွဲ့, မန္တန်တို့ကို လေ့လာသင်ကြားကြသဖြင့် ဆရာတော်၏ ပြည်တွန်တောက်တီးမှုကို ခံရသောကြောင့် ကျောင်းမှထွက်ကာ စစ်ကိုင်းဘက် ခဝါဆိပ်အရပ်တွင် သက်ငယ်ကျောင်းကလေးဆောက်၍ နေထိုင်ကြလျက်၊ မိဖုရား ရှင်စောပုအိမ်တော်သို့ မကြာခဏ ကြွတော်မူကြကာ နေကြလေတော့သည်။

## ရှင်စောပုကို ဟံသာဝတီသို့ ဆောင်ခြင်း

မိုးညှင်းမင်းတရားတွင် မြန်မာမိဖုရား ရှင်ဘို့မယ်, မိုးကောင်းရှမ်းမိဖုရား စိုးနှင်း, မွန်မိဖုရား ရှင်စောပု စသည်ဖြင့် မိဖုရားအများ ရှိသည့်အနက် မွန်မိဖုရား ရှင်စောပုကိုသာ လွန်စွာ ချစ်မြတ်နိုးတော်မူသည်။ အခြားမိဖုရားများ မနာလိုဖြစ်ကြပြီး၊ ဘုရင်မင်းတရားအား မကြာခဏ ကုန်းချောစကား ပြောကြသဖြင့် မင်းတရားလည်း ယုံမှားပြီး ရှင်စောပုအား မထိမဲ့မြင် ပြုထားသည်။

ထိုအခါ ရှင်စောပုသည် မင်းကြီး၏အပြုအမူ ရေးကနှင့်မတူသည်ကို စိတ်မကောင်းဖြစ်ပြီး ဟံသာဝတီ ပြန်နိုင်ရေးအတွက် အရှင်ဓမ္မဓရနှင့် တိုင်ပင်တော့သည်။

"မယ်တော် ဟံသာဝတီရောက်၍ မင်းဖြစ်ပါလျှင် သားတော်အား အိမ်ရှေ့အရာ ပေးမည်"ဟူ၍လည်း ပြောသည်။

ထိုအခါ အရှင်ဓမ္မဓရက

"ဦးပဥ္စင်း ကြံစည်ပါမည်။ အင်းဝမင်းကိုမူ အမှောင့်ပယောဂများနှင့်တကွ ဝမ်းသွေးကျရောဂါ ရှိသည်ဖြစ်၍ ယတြာပြုရေးနှင့် ဆေးဝါးများမှီဝဲရေးအတွက် မြို့ပြင်မှာ အိမ်တစ်ဆောင်ဆောက်၍ နေပါရစေ ဟု လျှောက်ထားပါ။ မြို့ပြင်မှာ နေရပါမူ မယ်တော်ကို ဟံသာဝတီသို့ရောက်အောင် ဦးပဥ္စင်း ဆောင်ထုတ်သွားပါမည်" ဟု ပြောပြီး နေရင်းကျောင်းသို့ ပြန်ခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုနေ့မှစ၍ မိဖုရားရှင်စောပုသည် မကျန်းမမာဟန်ဆောင်ပြီး ရောဂါ တရွေ့ရွေ့တိုးသည်ဟု အင်းဝမင်းအား လျှောက်သည်။ အင်းဝမင်းလည်း မိဖုရား စကားကို ယုံကြည်လေ့ရှိသည့်အတိုင်း ဘမားတော်, ပုဏ္ဏားတော်တို့ကိုခေါ်၍ ကြပ်မတ်ကြည့်ရှု ကုသစေသည်။ ရှင်စောပုသည် ချိပ်ကိုထောင်းကာ အရည်ကျို သောက်ပြီး၊ ဝမ်းကျဆေးကိုစားလျှင် သွေးသွန်သကဲ့သို့ကျလာသဖြင့် သမားတော် များလည်း တကယ်ပင် သွေးသွန်ရောဂါမှတ်၍ ဆေးဝါးတိုက်ကြပါသော်လည်း၊ ရှင်စောပုသည် ချိပ်ရည်ကိုသာ သောက်နေသဖြင့် မပျောက်ဘဲရှိသောကြောင့် သမားတော်များက 'ရောဂါမညို။ တိုး တိုး၍သာ ပြနေကြောင်း' ဘုရင်အား လျှောက်ထားသည်။

ဘုရင်လည်း ပုဏ္ဏားတို့ကိုခေါ်၍ ရှင်စောပုဇာတာကို ကြည့်ရှုစေသည်။ ပုဏ္ဏားများသည် ရှင်စောပုမှ တံစိုးလက်ဆောင်ကို ရယူထားကြပြီးဖြစ်သောကြောင့် ရှင်စောပုအလိုကျ 'ဂြိုဟ်စီးဂြိုဟ်နင်း မကောင်းကြောင်း၊ ယာယီယတြာအားကြီး ကြောင်း။ ရဟန်းသံဃာတို့အား ဆွမ်းလုပ်ကျွေးရမည်။ ဘုရား ၉ ဆူ ကပ်ရမည်။ ချွတ်လွှဲရမည်။ နန်းတော်အနောက်ဖြစ်သော ရွှေမြို့တော်အပြင် ချောင်းနားမှာ ယာယီအိမ်ဆောက်၍ ပြောင်းရွှေ့နေထိုင်ပါမှသာ ရောဂါကင်းစင်၍ အသက်ရှင်မည်' အစရှိသည်ဖြင့် ပြောဟောကြသည်။

မိုးညှင်းမင်းတရားလည်း ပုဏ္ဏားများ ဟောပြောသည့်အတိုင်း နန်းတော် အနောက် မြို့ပြင်ချောင်းနားတွင် ရှင်ရဲနောင် အမတ်တစ်ယောက်အား ယာယီအိမ် ဆောက်လုပ်စေ၍၊ မိဖုရားရှင်စောပုကို ဆရာသမား, အလုပ်အကျွေးများနှင့်တကွ ပို့ထားလိုက်သည်။

ရှင်စောပုလည်း မိမိကိုတ္တိမသားဖြစ်သော အရှင်ဓမ္မဓရနှင့် အရှင်ဓမ္မဉာဏ တို့ကိုပင့်၍၊ ၇ ရက်ပတ်လုံး ပရိတ်တရားတော်များကို ကြားနာသည်။ ၎င်းနောက် မင်းတရားအား အနည်းအကျဉ်း ရောဂါသက်သာလာပြီဖြစ်ကြောင်း တင်လျှောက် စေသည်။ မင်းကြီးကလည်း 'မိဖုရားကြီး ရောဂါကင်းစင် ပ,ပျောက်သည်အထိ လုပ်ပါ' စသည်ဖြင့်ပြောပြီး၊ ကြေးပိဿာ ၁၀၀၀ နှင့် ရွှေ ကျပ် ၅၀ ကို ပေးသနားတော်မူသည်။

ရှင်စောပုသည် ယာယီအိမ်တော်တွင် စံနေ၍ ရက်အနည်းငယ်ကြာသော အခါ အရှင်ဓမ္မဓရနှင့် အရှင်ဓမ္မဉာဏတို့ကိုပင့်၍ "သားကြီးတို့ပြောဆိုသည့်အတိုင်း

mgyoe.com

mgyoe.com
SAMPLE BOOK

မယ်တော်၏အကြံ ဖြစ်မြောက်ပါပြီ။ မောင်တို့အရေးသာ လိုတော့သည်။ ဟံသာဝတီရောက်အောင် ဘယ်သို့ကြံကြမတုံး" ဟု မေးသောအခါ၊ အရှင်ဓမ္မရေက–

"မယ်တော်ကြီး။ ရုံကြီးတစ်ဆောင် ဆောက်ပါ။ ရုံကြီးအလယ်တွင် ကန့်၍ ဆီးပြီးသော် အလုပ်အကျွေးမိန်းမများကို အတွင်းက ထားပါ။ ယောကျ်ားများကိုမူ အပြင်က ထားပါ။ ထိုသူများကို အရက်သေစာ မူးအောင်တိုက်ပါ။ ၎င်းကို မြူးတူး ပျော်ပါးပြီး အိပ်ကြသောအခါ မယ်တော်၏အိပ်ရာတွင် သင်ဖြူးလိပ်ကို အဝတ်ဖြင့် ပတ်ထားခဲ့ပြီး ဟံသာဝတီသို့ ပြေးကြမည်။ သားတော်သည် မွန်, ဗမာ ယုံကြည်ရသူ ဒကာများနှင့်တိုင်ပင်၍ လှေတက် အသင့်ပြင်ထားပြီဖြစ်ကြောင်း" ပြောပါသည်။

ရှင်စောပုလည်း "သားကြီးအကြံ သင့်မြတ်သည်" ဟုပြောပြီး၊ သ႑ာက်ပိုက်ဆိုသူ မွန်လူယုံတစ်ယောက်ကို တန်းလျားရုံကြီး ဆောက်စေလျက် အရှင်ဓမ္မရေ ပြောသည့်အတိုင်း အဆောင်ကိုင်အစောင့်အရှောက်များကို မူးအောင်တိုက်ပြီး၊ ညဥ့်နက်အိပ်ကြသောအခါ အိပ်ရာတွင် သင်ဖြူးလိပ်ကို အဝတ်ဖြင့်ပတ်ထားခဲ့ပြီးလျှင် အိမ်တော်အနီး ချောင်းထဲတွင် အရှင်ဓမ္မရေ အသင့်ပြင်ထားသော လှော်ကားလှေကြီး တစ်စင်းဖြင့် အောက်သား ဗမာ ၈ ကျိပ်တို့အား ဆုလာဘ်များစွာပေး၍၊ အင်းဝသို့ ရှင်စောပုနှင့်အတူပါလာသော မွန်ကျေးကျွန်များကိုပါ ခေါ်ကာ ညဥ့်သန်းခေါင်အချိန်တွင် လှော်ကားကြီးစီးနင်း၍ ခရီးပြင်း စုန်ဆင်းပြေးကြတော့သည်။

နံနက်မိုးသောက် အာရုဏ်ရောက်သောအခါ ရှင်စောပု၏ အထိန်းအယ အစောင့်အရှောက်များသည် စောင်ဖုံးလျက်ရှိသော သင်ဖြူးလိပ်ကို မိဖုရားကြီး ရှင်စောပု ဟု ထင်မှတ်နေခဲ့ကြသည်။ အတော်နေမြင့်လာသောအခါ အထိန်းအယ အချို့က 'ဝေဒနာသည်း၍ လူးလိမ့်ခြင်းတောင် မပြုနိုင်ဖြစ်မည်'။ အချို့က 'တစ်ညလုံး မအိပ်စက်ရ၍ အိပ်ရာထ နောက်ကျတာ ဖြစ်နိုင်သည်'။ အချို့က 'နေမြင့်ပြီး ဆွမ်းခံချိန်တောင် ဝင်ကုန်ပြီ။ အသက် ရှူသောအသံမှုပုံပင် မပေါ်။ ငြိမ်လှသည်' စသည်ဖြင့် အမျိုးမျိုးထင်ကြေးပေး ပြောဆိုနေကြသည်။

ထိုသို့ရှိစဉ် သမားတော်ကြီးတစ်ဦးက ဆေးတိုက်ရန် အခန်းတွင်းသို့ ဝင်လာသည်။ ထိုသမားတော်မှာ ရှင်စောပုနှင့် အကျွမ်းတဝင်ရှိသူဖြစ်၍ မိဖုရားကို ကိုင်ဝံ့, ဆေးတိုက်ဝံ့သော ဆရာကြီး ဖြစ်သည်။ ထိုဆရာကြီးက ဆေးတိုက်ရန် အတွက် သွေးစမ်းရန် ပတ်ထားသောအဝတ်ကိုလှန်လိုက်ရာ သင်ဖြူးလိပ်ဖြစ်နေ

mgyoe.com SAMPLE BOOK

သဖြင့် တစ်အိမ်သားလုံး ရုံးစုရုံးစုဖြစ်ကာ 'ရှင်စောပု အောက်ရွာသို့ပြေးပြီ' ဟု ပြောဆိုကြကုန်တော့သည်။

ယင်း ကိစ္စကို နန်းတော်သို့ သွားရောက်လျှောက်ထားကြသဖြင့် မင်းကြီး ကြားသိသောအခါ

"သူလည်း အိုမင်းပြီ။ ငါလည်း အိုမင်းပြီ သွားလိုရာ သွားပါစေတော့။ ငါ မတားလိုပြီ။ မပျော်တဲ့ရွာ မသာဘူးတဲ့။ သူ့ပြည်သူ့ရွာ ပြန်ချင်ပေလိမ့်မည်။ ပြန်ပါစေတော့"ဟု မိန့်ကြားသည်။

မိဖုရားရှင်စောပုလည်း ဧရာဝတီကိုစုန်ဆင်း၍ ပြေးလာခဲ့ရာ ပုဂံညောင်ဦး သို့ရောက်သောအခါ သားရဟန်း ၂ ပါးအား

"အင်းဝကပါလာသော စားနပ်ရိက္ခာ နည်းပါးကုန်ချေပြီ။ မယ်တော်နှင့် မခြား သားတော်ရဟန်းများ, လှေသား တက်ခတ်သမား, ကျေးကျွန်များလည်း ထမင်းအာဟာရ မစားသောက်ကြရသဖြင့် ဆာလောင်မွတ်သိပ်ကြကုန်ပြီ။ သားတော် ၂ ပါး ပုဂံညောင်ဦးသို့တက်ပြီး ဆွမ်းခံကြလျှင် သင့်တော်မည်"ဟု ပြောသော အခါ၊ အရှင်ဓမ္မဓရက

"မယ်တော်။ ယခု ကျွန်ုပ်တို့ မြို့ပေါ်တက်၍ ဆွမ်းခံပါမူ ကျွန်ုပ်တို့ကို မြန်မာများမြင်၍ ပြေးလာမှန်းသိလျှင် လိုက်လံဖမ်းကြမည်။ မသင့်ပါ"ဟု ပြောလျှင်၊ မိဖုရားရှင်စောပုလည်း 'သင့်လှပါသည်' ဟု သဘောတူခဲ့သည်။

ထိုအခိုက်တွင် အထုပ်ကြီးတစ်ထုပ် လှေနားသို့မျောလာရာ လှေသမား တို့က ထိုးဝါးဖြင့်ဆယ်ယူပြီး ဖြည်ကြည့်သောအခါ ထမင်းထုပ်ဖြစ်နေသဖြင့် မိဖုရားရှင်စောပုအား ဆက်ကြသည်။ ထမင်းထုပ်အတွင်း၌ ပဲသီးခြောက်, ငါးခြောက်နှင့် နဝရတ်ကျောက်မျက်ရတနာများ ပါလာသဖြင့် မိဖုရားရှင်စောပုက

"ငါသည် ပဲခူးဟံသာဝတီနန်းကို သိမ်းမြန်းစိုးစံရမည့် အတိတ်နိမိတ် ဖြစ်သည်" ဟု ကိုယ်တိုင် နိမိတ်ဖတ်တော်မူပြီးနောက်၊ ထမင်းထုပ်ကို မိဖုရား ရှင်စောပုနှင့်တကွ လှေသားအားလုံး အဆာပြေစားကြရသဖြင့်၊ 'လူမင်း ဘုန်းကြီး နတ်မင်း မနေနိုင်' ဆိုသကဲ့သို့၊ 'ရှင်စောပုဘုန်းတန်ခိုးကြောင့် နတ်သိကြားများက ဆက်သော ထမင်းထုပ်ပင် ဖြစ်လိမ့်မည်' ဟု အုတ်အုတ်ကျက်ကျက် ပြောဆို လျက်သာ ရှိနေကြတော့သည်။

မိဖုရားရှင်စောပုနှင့် လှေသားများသည် ထမင်းအာဟာရ အဆာပြေ စားသောက်ကြပြီးနောက် ပုဂံညောင်ဦးမှ ဆက်လက်ထွက်ခွာလာခဲ့ကြရာ၊ စလင်း,

mgyee.com SAMPLE BOOK

မြေထဲ, ပြည်, ရွှေတောင်, ဂူထွတ် စသော မြို့ရွာများကို လွန်လာသော်လည်း တွေ့မြင်သမျှ လူအပေါင်းမှာ အောက်သားမြန်မာများသာ မြင်လိုက်ကြရသဖြင့်၊ 'နေပြည်တော်မှ ရှင်ဘုရင်ကစေလွှတ်လိုက်သော လှေကြီးပင် ဖြစ်မည်' ဟု မှတ်ထင်ခဲ့ကြသည်။

ဤသို့ ဆက်လက်စုန်ဆင်းခဲ့ရာ မွန်ဒေသ ဓနုဖြူသို့ ရောက်သောအခါ မြို့သူမြို့သားများသိ၍၊ ရှင်စောပုထံ စားသောက်ဖွယ်ရာတို့နှင့် လက်ဆောင်ပဏ္ဏာများ ဆက်သလာကြသည်။

မိဖုရားရှင်စောပုလည်း ပဲခူးနေပြည်တော်အကြောင်းကို မေးမြန်းသောအခါ၊ ဓနုဖြူသားများက 'သခင်မ၏မောင်တော် ပဲခူးဘုရင် မင်းမော်ဒေါ ဆင်ဖမ်းသွားရာ ကျေးကျွန်တစ်ယောက်သတ်၍ နတ်ရွာစံသဖြင့် သခင်မ၏ညီမတော် ရှင်စောနှစ် နန်းစံလျက်ရှိပါကြောင်း' လျှောက်ထားကြ၏။

မိဖုရားရှင်စောပုလည်း အကြောင်းစုံကိုသိရသောအခါ လှေတော်ကို အပြင်းလော်ခတ်စေကာ သန်လျင်ရောက်လျှင် ခေတ္တ စံနေတော်မူခဲ့ပါကြောင်း တင်ပြလိုက်ရပါသည်။

## ဓမ္မဓရ ဘုရင်ဖြစ်လာခြင်း

မိဖုရားရှင်စောပုသည် သန်လျင်ရောက်ကြောင်း ညီမတော် ရှင်စောနှစ် ကြားသိသောအခါ ဗညားအိမ် အမတ်ကိုခေါ်၍၊ 'အစ်မတော် ရှင်စောပုကို အနနည်းဖြင့်ဖမ်းရန်' တိုင်ပင်ရာ၊ ဗညားအိမ်အမတ်က 'တိုက်ရန်မလိုကြောင်း၊ စိတ်ဝမ်းမကွဲဘဲ ပိပိပြားပြားရှိအောင် ကြံဆောင်ပါမည်' ဟု တင်လျှောက်ပြီး၊ သိရိမနုဆိုသူ ဝန်တစ်ယောက်ကို ရှင်စောပုထံ စေလွှတ်ခဲ့သည်။

သိရိမနုသည် သန်လျင်သို့ရောက်သောအခါ ပါလာသောလက်ဆောင်ပဏ္ဏာများကို ရှင်စောပုထံ ဆက်သ၏။ ရှင်စောပုက "မင်းမော်ဒေါ ဘာကြောင့်သေရသနည်း"ဟု မေးမြန်းတော်မူရာ၊ သိရိမနုက "သခင်မမောင်တော် မင်းတရား

mgyoe.com SAMPLE BOOK

ဆင်ဖမ်းသွား၍ မအောက်ရွယ်ရွာသို့ရောက်သောအခါ တောဆင်နင်း၍ ပွဲချင်းပြီး နတ်ရွာစံ ကံတော်ကုန်ခဲ့သဖြင့် ညီမတော် မင်းပြုနေရပါသည်”ဟု လျှောက်သည်။ ထိုအခါ ရှင်စောပုက “ယခု ညီမတော် မင်းပြုရာ၌ မှူးကြီးမတ်ရာ ပြည်ရွာတိုင်းကား ရဟန်းရှင် လူအများတို့နှင့် သင့်တင့် ညီညွတ်ပါ၏လော”ဟု မေးမြန်းရာတွင် သီရိမနုက “အရှင့်ညီမတော်သည် ပြည်သူတို့နှင့် အပုံကြီး နေရာမကျလှပါဘုရား” ဟု လျှောက်လေသည်။ ရှင်စောပုက “မောင်တော်မင်းမော်ဒေါကို ကျေးကျွန်များ သတ်၍ သေရသည် ဟု ကြားရသောကြောင့် အင်းဝမင်းက ငါ့ကိုလွှတ်လိုက်၍ ငါ လာသည်။ ယခု ငါ့ညီမ ရွှေထီးရွှေနန်း သိမ်းမြန်းစိုးအုပ် မင်းလုပ်သည်ကို ငါ ဝမ်းမြောက်သည်”ဟု မိန့်တော်မူပြီး၊ သီရိမနုအား သင့်လျော်သောဆုလာဘ်ကို ပေး၍ ပြန်လွှတ်လိုက်သည်။

သီရိမနု ပြန်သွားပြီးနောက် အရှင်ဓမ္မစေရ၏ အကြံပေးချက်အရ ရှင်စောပုသည် ဒဂုန်မြို့သို့ အလုံးအရင်းနှင့်တကွ ပြောင်းရွှေ့ခဲ့သည်။

ဒဂုန်မြို့သို့ ရောက်လျှင် ဒဂုန်မြို့ဝန်က လက်နက်တို့ကို ပေးဆက်လာသည်။ ရှင်စောပုက မြို့ဝန်မင်းအား ရွှေပိဿာချိန် ၅၀ ပေးပြီး၊ “ငါမင်းဖြစ်လျှင် မြို့ဝန်အား မြို့တစ်မြို့ စားစေမည်” ဟု မိန့်တော်မူသည်။

ထို့နောက် အရှင်ဓမ္မစေရ အကြံအစည်ဖြင့် သန်လျင်, ဒလ, ပုသိမ်, မြောင်းမြ စသော မြို့ရွာနယ်ပယ် အကြီးအမှူးများကို ဆုလာဘ်ပေး စည်းရုံးနိုင်ခဲ့သဖြင့် အင်အားတောင့်တင်းခဲ့သည်။

ရွှေတိဂုံကုန်းပေါ် တက်၍ ရှင်စောပုသည် စေတီတော်ကို လက်ယာရစ် လှည့်၍ ဖူးမြော်ကြည်ညိုစဉ် တစ်ဘက်သို့ စောင်းငဲ့လှည့်ကြည့်လိုက်သောအခါ သက်ကြီးရွယ်အိုတစ်ယောက်ကို မြင်တော်မူရသည်။

အပါးတော်များက သခင်မအနား မကပ်ရန် ထိုအဘိုးအိုကို ကြိမ်းမောင်းနှင်ထုတ်နေကြသည်။ အဘိုးအိုက “ဗညားထောက ဘာဇာမို့ ငါ့ကို မောင်းနှင်ထုတ်ကြသနည်း” ဟု ပြောပြီး ထွက်သွားသည်။

အပါးတော်များက ရှင်စောပုအား ယင်းအကြောင်းကို လျှောက်သောအခါ ရှင်စောပုက အဘိုးအိုကိုခေါ် ခဲ့ရန် ပြောသဖြင့် အပါးတော် များက ထိုအဘိုးအိုကို သွားရောက်ခေါ်ကြသောအခါ၊ အဘိုးအိုကို မမြင်ကြသဖြင့် ရှင်စောပုအား အဘိုးအိုကို မတွေ့ကြောင်း လျှောက်ထားကြသည်။

m g y o e . c o m SAMPLE BOOK

ထိုအခါ ရှင်စောပုက မှူးတော်မတ်တော်တို့အလယ်တွင် "ဤအဘိုးအို သည် လူ မဟုတ်တန်။ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တို့က ငါ့အား ဗညားထော အမည် ပေးလာခြင်း ဖြစ်သည်။ ငါသည် ယနေ့မှစ၍ ဗညားထော ဘွဲ့အမည်ကို ခံယူပါသည်" ဟု မိန့်ကြားတော်မူသည်။

ထို့နောက် ဗညားထောသည် အရှင်ဓမ္မဓရ အကြံပေးချက်အရ ဒဂုန်သား၊ ဒလသား၊ မော်ပီသားများကို စည်းရုံးပြီး အောင်မြေနင်း၍ ဟံသာဝတီသို့ ချီတက်ခဲ့သည်။ နရက်အရပ်သို့ ရောက်သောအခါ တပ်ချနားစဉ် အနီးအနားရွာသားများက လောက်လေးကြီးစင်းရေ ၄၀၀ မျှဆောက်သ၍ ပူးပေါင်းလာကြသည်။ ဗညားထောလည်း ၎င်းတို့ဆက်သလာသော လေးများကို ရွေချ၍ ထိုရွာသားများအား စစ်ရေးစစ်ရာ လေ့ကျင့်သင်ကြားစေပြီး၊ ရွှေလေးတော်တပ် ဖွဲ့စည်းလျက် ကလောက်ပိုက် ဆိုသူကို ဗိုလ်မှူး ခန့်ထားလိုက်သည်။

ထို့နောက် ဆက်လက်ချီတက်ရာ ညီမတော် ရှင်စောနှစ်၏တပ်တော်များ မခံနိုင်။ တပ်ပျက်ခဲ့သဖြင့် ဗညားထောလည်း ရွှေမြို့တော်သို့ အလွယ်တကူ ဝင်ရောက်လာသောအခါ ညီမတော် ရှင်စောနှစ်လည်း မင်းဆောင်မင်းယောင်၊ ထီးဖြူ၊ မြောက်စည်နှင့်တကွ နန်းတော် အရှေ့တံခါးဖွင့်ပြီးထွက်ကာ အစ်မတော် ဗညားထော ဘွဲ့ခံ ရှင်စောပုအားကြိုဆို၍ ထီးနန်းကို လွှဲအပ်ခဲ့သည်။

သက်တော် ၅၃ နှစ်ရှိ ရှင်စောပုလည်း သက္ကရာဇ် ၈၁၅ ခုနှစ်တွင် ဗညားထောဘွဲ့ကို ခံယူ၍ ဟံသာဝတီ ရွှေထီးရွှေနန်းကို သိမ်းမြန်းပြီး၊ ဟံသာဝတီ ၃၂ မြို့၊ ပုသိမ် ၃၂ မြို့၊ မုတ္တမ ၃၂ မြို့ ပါဝင်သော ရာမညတိုင်း ၃ ရပ်ကို စိုးမိုး အုပ်ချုပ်တော်မူသည်။

ဗညားထော ဘွဲ့ခံ ဘုရင်မကြီး ရှင်စောပုသည် အထွတ်အထိပ်သို့ရောက်သောအခါ တိုင်းသူပြည်သားများ မတရားညှဉ်းပန်းနှိပ်စက်ခြင်း၊ လုယက်ခြင်း အစရှိသော တိုင်းပြည်ရန်ဆူးရန်ငြောင့် များကို ကွပ်ညှပ် စီရင်တော်မူသည်။ ထောင်ကျ အကျဉ်းခံနေရသူများကိုလည်း ဘေးမဲ့ လွှတ်တော်မူခဲ့သည်။ မှူးကြီးမတ်ရာများ၊ စစ်သေနာပတိ စသည်များကိုလည်း အရည်အချင်းအားလျော်စွာ ဆုလာဘ်ပေးခြင်း၊ ရာထူးဌာနန္တရ ပေးခြင်း၊ မြို့စားရွာစားပေးခြင်း၊ ဘုရားကျောင်းကန် ဝတ္တကမြေများကို မေးစစ်၍ အသစ်ထပ်မံ လှူဒါန်းခြင်း ပြုတော်မူသည့်အပြင် တိုင်းသူ

mgyoe.com SAMPLE BOOK

ပြည်သားများအားလည်း ဒါန, သီလ, ဘာဝနာမှုကို ထာဝရပြုကြရန် တိုက်တွန်းပြီး၊ မိမိကိုယ်တိုင်လည်း ကျင့်သုံးဆောက်တည်တော်မူသည်။

အရှင်ဓမ္မဓရအတွက် လိပ်ပြင်ကျောင်းကြီး, အရှင်ဓမ္မဉာဏအတွက် အတုလဝါသကျောင်းကြီးကို ဆောက်လုပ်၍ အလုပ်အကျွေး ကပ္ပိယများနှင့်တကွ လှူဒါန်းတော်မူသည်။ သို့ရာတွင် အရှင်ဓမ္မဓရ, အရှင်ဓမ္မဉာဏတို့မှာ သာသနာတော်တွင် သက်ထက်ဆုံး မနေနိုင်ကြဘဲ နောက်ပိုင်းတွင် လူထွက်ခဲ့ကြ၏။

ရှင်စောပုလက်ထက်တွင် ဟံသာဝတီနေပြည်တော်သည် တာဝတိံသာအလား အလွန်ပင်စည်ကားသာယာသည်။

ရှင်စောပုဘုရင်မကြီးသည် မိမိအကျိုးကို ဆောင်နှင်းခဲ့ကြသော ရဟန်းလူထွက် ၂ ဦးတွင် အရှင်ဓမ္မဓရလူထွက်အား ထီးနန်းလွှဲ၍၊ မိမိမူ ဘုရားအလုပ်, တရားအလုပ်ကို အေးဆေးစွာအားထုတ်လိုသဖြင့် အရွယ်ရောက်နေပြီဖြစ်သော သမီးတော် ၂ ဦးအနက် တစ်ဦးဦးနှင့်လက်ဆက်ပေးရန် ရည်ရွယ်တော်မူ၏။

သို့ရာတွင် သမီးတော်ကြီး နဲ့တကာတော် မှာ လက်မခံသဖြင့် သူမအား နှစ်သက်စုံမက်နေသော တူတော်လည်းဖြစ်, မြို့ဝန်လည်းဖြစ်သည့် ဗညားအိမ်နှင့် ဝိဟာရဒေဝီ ဘွဲ့ပေးပြီး လက်ဆက်ပေးခဲ့ရသည်။

တစ်ဖန် ဘုရင်မကြီးသည် ဓမ္မဓရအား သမီးတော်လေး နဲ့တကာသင်နှင့် လက်ဆက်၍ အိမ်ရှေ့အရာပေးနိုင်ရေးအတွက် လိမ္မာပါးနပ်စွာ ကြံစည်ဆောင်ရွက်တော်မူခဲ့ပြန်သည်။

နန်းတွင်း၌ အရေးပါသော မှူးမတ်များအား ပရိယာယ်ဆင်၍ဖမ်းဆီးပြီး၊ ထောင်သွင်းအကျဉ်းချထားလိုက်သည်။ မည်သူကမျှ လာရောက်တောင်းပန်သော်လည်း လွှတ်မပေးပါ။ ဆရာတော်များက လာရောက် မေတ္တာရပ်ခံသော်လည်း လွှတ်ပေးခြင်းမပြုဘဲ နေခဲ့သည်။ နောက်ဆုံး ဓမ္မဓရလူထွက်က လာရောက်၍ တောင်းပန်လျှောက်ထားသောအခါကျမှ လွှတ်ပေးပြီး၊ ဓမ္မဓရအသင်းအပင်းများ ဖြစ်အောင် ဆောင်ရွက်တော်မူခဲ့သည်။

ထို့နောက် ဘုရင်မကြီးသည် ဓမ္မဓရလူထွက်အား အိမ်ရှေ့အရာ ပေးအပ်နိုင်ရေးအတွက် ဗညားအိမ်နှင့် ဝိဟာရဒေဝီတို့ကို တစ်ဘက်လှည့်ဖြင့် ပုသိမ်မြို့စားအဖြစ် ပုသိမ်သို့ စေလွှတ်တော်မူခဲ့သည်။ သမက်တော် ဗညားအိမ်နှင့် သမီးတော် ဝိဟာရဒေဝီတို့သည် မလွန်ဆန်ဖို့ကြသဖြင့် ပုသိမ်သို့ မကျေမနပ်ဖြင့် ထွက်ခွာသွားခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ထို့နောက် တစ်နေ့သော ညီလာခံသဘင်တွင် ဧကရီဘုရင်မကြီး ရှင်စောပုက 'သမက်တော် ဗညားအိမ်နှင့် သမီးတော် ဝိဟာရဒေဝီတို့သည် ပုသိမ်, မြောင်းမြ စသော ပုသိမ် ၃၂ မြို့ရှိ လူဆိုးများနှင့် မိမိတို့လူရင်းများကို သစ္စာရေတိုက်, ဆုလာဘ်ပေးပြီး စည်းရုံးနေသည် ဟူ၍ ကြားသိရပါကြောင်း။ မိမိမှာ မိန်းမသား ဖြစ်၍ စစ်မက်ရေးအတွက် အခက်ကြုံနေရပါကြောင်း။ မည်သူ့အား အိမ်ရှေ့အရာ ပေးအပ်၍ လွှဲအပ်လျှင် သင့်ပါမည်နည်း' ဟု မိန့်တော်မူရာ၊ မှူးမတ်များက ဓမ္မဓရလူထွက်နှင့်သင့်ပါကြောင်း လျှောက်တင်ခဲ့ကြသည်။

ဤ မှူးတော်မတ်တော်အားလုံးက တညီတညွတ်တည်း လျှောက်တင်လာကြသဖြင့် ဧကရီဘုရင်မကြီး ရှင်စောပုသည် အရှင်ဓမ္မဓရလူထွက်အား 'ဓမ္မစေတီ'ဘွဲ့ဖြင့် အိမ်ရှေ့မင်းအဆောင်အယောင်များပေး၍၊ 'အိမ်ရှေ့အရာ အပ်နှင်းကြောင်း။ သားတော် ဥပရာဇာကို သမီးတော်လေး နဲ့တကာသင်နှင့် မင်္ဂလာဆောင်နှင်း၍ ထိမ်းမြားခြင်းပြုလိုက်ကြောင်း။ ဥပရာဇာသည် စာပေတတ်ကျွမ်းသဖြင့် ဓမ္မစေတီ ဘွဲ့ကို အပ်နှင်းသကဲ့သို့၊ သမီးတော်လေး နဲ့တကာသင်ကိုလည်း ရာဇဒေဝီ ဘွဲ့ အပ်နှင်းကြောင်း။ ငါဘုရင်မသည် သက်တော်ရွယ်တော်ကြီးသဖြင့် ပုတီးနှင့်ပျော်တော့မည်ဖြစ်၍ ရွှေမော်ဓောနှင့် ဒဂုန်ဆံတော်ရှင်ဘုရားသို့ သွားချည်တစ်ခါ လာချည်တစ်လှည့် ရှိခိုးဝတ်ပြု၍ နေတော့မည်ဖြစ်ကြောင်း' အမိန့်ပြန်တမ်းထုတ်ကာ ညီလာခံကို ရုပ်သိမ်းတော်မူသည်။

ဓမ္မဓရလူထွက် အိမ်ရှေ့မင်း ဖြစ်လာသောအခါ နန်းတွင်းသူနန်းတွင်းသား အချို့နှင့် နေပြည်တော်နေလူအချို့က မထီလေးစားပြုနေကြသဖြင့်၊ ဘုရင်မကြီး ရှင်စောပုကတားမြစ်ကာ အကျိုးအကြောင်းပြောကြား၍ ဆုံးမတော်မူခဲ့ရသည်။ သို့ရာတွင် မထီလေးစားပြုမှုများကို ပြုနေကြပြန်သဖြင့် ဘုရင်မကြီးရှင်စောပုသည် လမ်းတွင် လူအများကူးသန်းသွားလာရန် တံတားအဖြစ်ချထားသော သစ်တုံးကြီးကိုယူ၍ မတ်ရပ်ဘုရား ထုလုပ်စေပြီး၊ မူလနေရာတွင် တံတားအဖြစ် ပြန်လည်ချထားကာ၊ ထို မထီလေးစားပြုနေကြသူများအား 'နင်း၍ကျော်ကြပါ'ဟု မိန့်တော်မူရာ၊ မည်သူမျှ မနင်းရဲ,မကျော်ရဲဘဲ ရှိနေကြသည်။ ထိုအခါ ဘုရင်မကြီး ရှင်စောပုက 'နေရာဌာန, ကာလ, အခြေအနေအရ ဓမ္မဓရလူထွက်မှာ ရှေးအခါက သာမန်လူဖြစ်ခဲ့သော်လည်း၊ ယခုအခါ အိမ်ရှေ့ဥပရာဇာ ဖြစ်နေပြီဖြစ်၍ မထီမဲ့မြင် မပြုသင့်ကြောင်း' ဆုံးမတော်မူသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ပုသိမ်သို့စေလွှတ်လိုက်သော သမက်ဗညားအိမ်သည် ဟံသာဝတီသို့ သူလျှိုများစေလွှတ်၍၊ ဓမ္မဓရလူထွက်ကို ခယ်မတော် နဲ့တကာသင်နှင့် လက်ထပ်ထိမ်းမြားလျက် အိမ်ရှေ့အရာအပ်နှင်းကြောင်း သိရသောအခါ၊ ပုသိမ် ၃၂ မြို့ရှိ လူများကို သိမ်းသွင်းစုစည်းလျက် ဟံသာဝတီကိုခြားနားကာ တစ်ထီးတစ်နန်း ပြည်ရွာပြု၍ အခိုင်အလုံ နေတော့သည်။

ထိုအကြောင်းကို ဧကရီဘုရင်မ ရှင်စောပု ကြားသိသောအခါ သမက်တော် ဓမ္မစေတီမင်းနှင့်တိုင်ပင်ပြီး သမီးတော်ကြီးနှင့် သမက်တော်ကြီးကို ချစ်မြတ်နိုးဟန်ဆောင်ကာ ပရိယာယ်ဖြင့် လူစေလွှတ်၍ ခေါ်လိုက်သည်။ ဗညားအိမ်နှင့် ဝိဟာရဒေဝီတို့လည်း လှေများဖြင့်ဆိုက်ရောက်လာကြသောအခါ အကြိုတော်အမတ်များက ကြိုဆိုခဲ့ကြ၏။

သို့ရာတွင် ဗညားအိမ်တို့လူစုသည် နန်းတွင်းမဝင်ဘဲ နေခဲ့ကြသည်။ ရက်အနည်းငယ်ကြာသောအခါ ဝိဟာရဒေဝီက စုံစမ်းသိရှိရန် တစ်ဦးတည်း နန်းတော်သို့ဝင်ခဲ့ရာ၊ အိမ်ရှေ့မင်းက နန်းတော်မှ ပြန်ထွက်ခွင့်မပေးတော့သဖြင့် ဘုရင်မကြီးအနီးအနားတွင်ပင် ခစား၍ နေခဲ့ရသည်။ အထူးမှာ ဝိဟာရဒေဝီသည် မိမိကြင်ရာတော် ဗညားအိမ်စားသောက်ရေးအတွက် ကိုယ်တိုင်ချက်ပြုတ်၍ မိမိတံဆိပ်အမှတ်ခတ်နှိပ်ကာ လှေသို့ နေ့စဉ် ပေးပို့ခဲ့သည်။ ဗညားအိမ်လည်း ဝိဟာရဒေဝီတံဆိပ်အမှတ်အသား ခတ်နှိပ်ထားသော အစားအစာကိုသာ စားသောက်၍နေခဲ့သည်။

ရက်အတန်ကြာသောအခါ အိမ်ရှေ့ဥပရာဇာက အစားအသောက်ကို စီမံပြီး ဝိဟာရဒေဝီခတ်နှိပ်သော တံဆိပ်အမှတ်အသား အတုပြုလုပ်ခတ်နှိပ်ပြီး ပေးပို့ခဲ့ရာ ဗညားအိမ်လည်း ဝိဟာရဒေဝီပေးပို့သည့် အစားအစာအမှတ်ဖြင့် စားသောက်ရာ အဆိပ်သင့်၍ ကွယ်လွန်ခဲ့တော့၏။

ဗညားအိမ်ကွယ်လွန်ပြီးနောက် ဓမ္မစေတီ အိမ်ရှေ့ဥပရာဇာသည် ဝိဟာရဒေဝီကို သိမ်းပိုက်ခဲ့သည်။

ဒဂုန်ဆံတော်ရှင်ကို အမြဲမပြတ် ဖူးမြော်ကြည်ညိုနိုင်စေရန် ဒဂုန်သို့ ပြောင်းရွှေ့စံနေတော်မူသော ဘုရင်မကြီးရှင်စောပုသည် သက္ကရာဇ် ၈၃၃ ခုနှစ်တွင် ဒဂုန်ဆံတော်ရှင်ကိုဦးခိုက်လျက် နတ်ရွာစံခဲ့သဖြင့်၊ အိမ်ရှေ့ဥပရာဇာ ဓမ္မစေတီသည် ဟံသာဝတီရွှေနန်းကို သိမ်းပိုက်၍ မင်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဓမ္မစေတီမင်းသည် ဘုရင်အဖြစ်သို့ ရောက်ရှိပြီးသောအခါ၌လည်း သီဟိုဠ်ဘုရင်က မင်းမျိုးမင်းနွယ်မဟုတ်ဘဲ မင်းအဖြစ်စိုးစံမှုနှင့်ပတ်သက်၍ စကားဆိုလာပြန်သဖြင့်၊ ဓမ္မစေတီမင်းက 'မြတ်စွာဘုရားသည်ပင် ဘုရားမျိုးဘုရားနွယ်မဟုတ်ဘဲလျက် ပါရမီတော်အရ ဘုရားဖြစ်ရသကဲ့သို့၊ မင်းမျိုးမင်းနွယ်မဟုတ်သော်လည်း မင်းအဖြစ် ရနိုင်ကြောင်း' ပြန်လည်ချေပ ပြောဆိုခဲ့ရကြောင်း တင်ပြလိုက်ရပါသည်။

## ဘုရင်ဖြစ်လာချိန် သာသနာရေးအခြေအနေ

ဓမ္မစေတီမင်း (အေဒီ ၁၄၆၀–၁၄၉၂ ခုနှစ်) သည် ဟံသာဝတီနန်းစံဘုရင်ဖြစ်လာသောအချိန်တွင် နေပြည်တော် ဟံသာဝတီနှင့်တကွ ရာမညတစ်တိုင်းလုံးတွင် အာမိသဓမ္မ ဆက်ဆံမှုမရှိဘဲ၊ သီးခြားစီ အစုအဖွဲ့ပြု၍ ဆက်ဆံမှုပြုနေကြသော သံဃာဂိုဏ်း ၆ ဂိုဏ်း ကွဲပြားလျက် ရှိနေသည်။

ၑင်းတို့မှာ

မုတ္တမမှ သီဟိုဠ်ပြန် ဗုဒ္ဓဝံသထေရ် အဆက်အနွယ် သီဟိုဠ်ဂိုဏ်း၊

မုတ္တမမှ သီဟိုဠ်ပြန် မဟာနာဂထေရ် အဆက်အနွယ် သီဟိုဠ်ဂိုဏ်း၊

မုတ္တမမှ ကမ္ဘောဇသံဃာဂိုဏ်း၊ သီဟိုဠ်ရဟန်းတော် မလိန္ဒထေရ် အဆက်အနွယ် သီဟိုဠ်ဂိုဏ်း၊

သီဟိုဠ်ရဟန်းတော် သီဝလိထေရ်အဆက်အနွယ် သီဟိုဠ်ဂိုဏ်း၊

သီဟိုဠ်ရဟန်းတော် အာနန္ဒာထေရ် အဆက်အနွယ် သီဟိုဠ်ဂိုဏ်း တို့ဖြစ်သည်။

သာသနဗဟုသုတပွကာသနီကျမ်းတွင် သောကာထေရ် ဥတ္တရထေရ်တို့၏ အဆက်အနွယ်ဂိုဏ်း၊ သီဝလိထေရ် အဆက်အနွယ်ဂိုဏ်း၊ တာမလိန္ဒထေရ် အဆက်အနွယ်ဂိုဏ်း၊ အာနန္ဒာထေရ် အဆက်အနွယ်ဂိုဏ်း၊ မုတ္တမမှ မဟာနာဂထေရ် အဆက်အနွယ်ဂိုဏ်းနှင့် ဘုရားအနွယ်အဆက်ဂိုဏ်း ဟု ဂိုဏ်းကွဲ ၆ ဂိုဏ်းအဖြစ် ဖော်ပြထားသည်။

mgyoe.com

mgyoe.com SAMPLE BOOK

သီဟိုဠ်ရဟန်းတော်များဖြစ်သော သီဝလိထေရ်၊ တာမလိန္ဒထေရ်၊ အာနန္ဒာထေရ်တို့၏ အဆက်အနွယ်ဂိုဏ်းများသည် ပုဂံမှ ဆင်းသက်ဆက်နွယ်လာသော ဂိုဏ်းများ ဖြစ်သည်။ ပုဂံတွင် ရှင်ဓမ္မဒဿီ ခေါ် ရှင်အရဟံ စသော သထုံမှ ရဟန်းတော်များ၏ သာသနာပြုမှုအရ သထုံဝံသ၊ သထုံအနွယ် သံဃာ့ဂိုဏ်း တစ်ဂိုဏ်းတည်းသာ ရှိခဲ့သည်။

သာသနာသက္ကရာဇ် ၁၇၁၄ ခုနှစ်၊ ကောဇာ ၅၃၂ ခုနှစ်၌ ဥတ္တရာဇီဝ မထေရ်သည် ပုဂံထီးနန်းကို ဆက်ခံခဲ့သော နရပတိစည်သူမင်း၏ မင်းဆရာ ဖြစ်လာသည်။ ရှင်ဥတ္တရာဇီဝထေရ်သည် ရာမညတိုင်းမှ ကြွရောက်၍ သာသနာပြုနေသောမထေရ် ဖြစ်သည်။ ရှင်ဥတ္တရာဇီဝသည် သထုံမှ အရိယဝံသထေရ်၏ တပည့် ဖြစ်သည်။ ရှင်အရိယဝံသသည် ရှင်မဟာကာလ၏တပည့် ဖြစ်သည်။ ရှင်အရဟံသည်လည်း ရှင်မဟာကာလ၏တပည့်ပင် ဖြစ်သည်။

သာသနာလင်္ကာရစာတမ်း၌ 'ရှင်အရိယဝံသထေရ်သည် ရှင်ဓမ္မဒဿီ (ရှင်အရဟံ)၏ တပည့်ဖြစ်ပြီး၊ ရှင်အရဟံသည် ရှင်ကာလ၏တပည့်ဖြစ်ကြောင်း' ဖော်ပြထားသည်။

ကလျာဏီကျောက်စာ၌ အရိယဝံသထေရ်သည် ရှင်မဟာကာလ၏ တပည့်ဖြစ်ကြောင်း ဖော်ပြထားသည်။

မှန်နန်း၌လည်း ကလျာဏီကျောက်စာအတိုင်း ဖော်ပြထားသည်။

ရှင်အရဟံသည် ပုဂံ၌ သာသနာပြုရာတွင် ရှင်ဉာဏထေရ်၊ ရှင်အာနန္ဒာထေရ်၊ ရှင်သီလဗုဒ္ဓိထေရ်တို့နှင့်တွဲဖက်၍ သာသနာပြုတော်မူခဲ့ခြင်းဖြစ်သည်။

ဖော်ပြပါ ရှင်မဟာကာလထေရ်သည် ဈာန်အဘိညာဉ်ရသော ပြာကာ ဒဿီထေရ်၏တပည့် ဖြစ်သည်။ ပြာကာဒဿီထေရ်သည် ရှင်အဓိသီလထေရ်၏ တပည့် ဖြစ်သည်။ ရှင်အဓိသီလသည် ရှင်သောဏထေရ်၊ ဥတ္တရထေရ်တို့ ပြုစုပျိုးထောင်ခဲ့သော သာသနာကို တပည့်သံဃာ ၅၀၀ ဖြင့် ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်လာသော ဈာန်သမာပတ်ရသော အနောမဒဿီထေရ်၏ တပည့် ဖြစ်သည်။

ကောဇာသက္ကရာဇ် ၅၃၂ (အေဒီ ၁၁၇၀ နှစ်)၌ နန်းစံခဲ့သော နရပတိစည်သူမင်း၏ဆရာ ဥတ္တရာဇီဝမထေရ်မြတ်သည် သီဟိုဠ်ကျွန်းသို့ ကြွတော်မူသည်။ သာသနာလင်္ကာရစာတမ်း၌ နရပတိစည်သူမင်းလက်ထက် ကြွတော်မူကြောင်း သာမန်မျှ ဖော်ပြထားသည်။ ဝံသဒီပနီတွင် နရပတိစည်သူမင်း နန်းစည်းစိမ်

mgyoe.com SAMPLE BOOK

၆ နှစ်ရသောအခါ ကြွတော်မူကြောင်း ဖော်ပြထားသည်။ မဟာဒွါရနိကာယနှင့် သာသနဝံသပဒီပိကာတွင် ကုလားကျမင်း ခေါ် နရသူလက်ထက်၌ ကြွသွားခြင်း ဖြစ်ကြောင်း ဖော်ပြထားသည်။ သို့ရာတွင် မှန်နန်းရာဇဝင်တော်ကြီး၌ နရပတိစည်သူ မင်းလက်ထက် ကြွသွားတော်မူခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

နရသူမင်းသည် ရက်စက်ကြမ်းကြုတ်ပြီး ဒုက္ခပေးသဖြင့် ရဟန်းတော် အများအပြား လူထွက်ရခြင်း၊ သီဟိုဠ်သို့လည်း အများအပြား ရှောင်ပြေးခဲ့ရခြင်း ရှိသည်။ အထူးသဖြင့် ခမည်းတော် အလောင်းစည်သူမင်း နတ်ရွာစံပြီးနောက် နရသူ မင်းအဖြစ်နေစဉ် နောင်တော် မင်းရှင်စော တပ်ဖွဲ့၍ လာရောက်တိုက်ခိုက် သောအခါ၊ နရသူက ပံ့သကူမထေရ်ကို ခေါ်၍၊ 'နောင်တော်တစ်ဦးတည်း လာရန်၊ နောင်တော်သန်လျက်ကို ထမ်း၍ နန်းတင်ပါမည်'ဟု ပြောပေးရန် တောင်းပန်၍၊ ပံ့သကူမထေရ်က မင်းရှင်စောအား မေတ္တာရပ်ခံချက်အရ၊ မင်းရှင်စောလည်း တစ်ဦးတည်းလာခဲ့သည်။ နရသူလည်း ပြောသည့်အတိုင်း နောင်တော်သန်လျက်ကို နောက်မှထမ်းလိုက်ကာ နန်းတင်ခဲ့သည်။ သို့ရာတွင် ထိုညတွင်ပင် မင်းရှင်စော အဆိပ်သင့်၍ နတ်ရွာစံခဲ့ရသည်။ ထိုအခါ ပံ့သကူမထေရ်က 'ပြောတိုင်းမဟုတ်၊ မင်းယုတ်'ဟု အပြစ်တင်ကာ သီဟိုဠ်သို့ ကြွတော်မူခဲ့သည်။

တစ်ခု စဉ်းစား၍ဖြစ်နိုင်ချက်မှာ ရှင်ဥတ္တရာဇီဝထေရ်သည်လည်း နရသူ လက်ထက်၌ သီဟိုဠ်သို့ လိုက်ပါကြွရောက်ပြီးနောက်၊ နရသူ ၄ နှစ်စံ၍ ကံတော် ကုန်ပြီး၊ နရပတိစည်သူ မင်းအဖြစ်ခံသောအခါ ပုဂံသို့ ပြန်လည်ကြွရောက် လာသဖြင့်၊ နရပတိစည်သူမင်းက ရှင်ဥတ္တရာဇီဝမထေရ်အား မင်းဆရာအဖြစ် ခန့်အပ်ကိုးကွယ်သည် ဟူ၍လည်း တွေးဆနိုင်သည်။ ဤ နရပတိစည်သူမင်းသည် သီဟိုဠ်ရဟန်း, သီဟိုဠ်ပြန်ရဟန်းများကို အမြတ်တနိုး ကိုးကွယ်လေ့ရှိသော မင်း ဖြစ်သည်ကို တွေ့ရှိရသဖြင့်၊ ယင်းတွေးဆချက်မှာ ဖြစ်နိုင်ချေရှိသော တွေးဆချက် ဖြစ်နိုင်သည်။

နရပတိစည်သူမင်းသည်လည်း ခမည်းတော်နရသူကဲ့သို့ စိတ်တိုစိတ်ဆတ် ပြီး၊ ကြမ်းကြုတ်သောမင်း ဖြစ်သည်။ ခမည်းတော် နရသူ နတ်ရွာစံပြီးနောက် သားတော်ကြီး မင်းယဉ်နရသိင်္ခ မင်းဖြစ်လာသည်။ ညီတော်ကို နရပတိစည်သူ အမည်ဖြင့် အိမ်ရှေ့ ပေးသည်။ နောက်ပိုင်း ဝေဠုဝတီမိဖုရားနှင့် ပတ်သက်၍ အိမ်ရှေ့မင်းက မင်းယဉ်နရသိင်္ခကို လုပ်ကြံခဲ့သည်။ ကျွန်ယုံတော် ငပြည့်နှင့် အောင်စွာငယ်တို့ကိုလည်း ကွပ်မျက်ခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

အထူးသဖြင့် အနန္တသူရိယအမတ်ကို သတ်မိန့်ပေးပြီးနောက်၊ အနန္တသူရိယအမတ် ရေးပေးပို့သော 'သူတည်းတစ်ယောက် ကောင်းဖို့ရောက်မူ' လင်္ကာ ၄ ပိုဒ်ကို ဖတ်ရပြီးနောက် 'လွတ်စေ' ဟု အမိန့်ပြန်ပေးခဲ့သော်လည်း၊ အသတ်ခံရပြီးဖြစ်သောကြောင့် သတ်သူများကို ကွပ်မျက်ခဲ့ပြန်ပါသည်။ အနန္တသူရိယအမတ်ကို သတ်မိချိန်မှစ၍ နရပတိ စည်သူမင်းသည် သံဝေဂပွား စိတ်မကောင်းခြင်းများစွာဖြင့် အမျက်စောင်မာန် လျော့လာပါတော့သည်။

နရပတိ စည်သူမင်း၏ အမိန့်နှင့်အညီ စီးတော်ရွှေလောင်းကို ပုပ္ပါးအရပ်တွင် သိဝှက်ပေးနိုင်သဖြင့် သမီးတော် ရွှေအိမ်သည်နှင့် လက်ဆက်ပေးခံခဲ့ရသော အနန္တပူရိယကား မနူဟာမင်း၏ မြေး နာဂသမန်း ဖြစ်သည်။ နရပတိစည်သူမင်းနှင့် မိဖုရားဝေဠုဝတီနှင့် မှူးမတ်ခြွေရံများနှင့်တကွ ရွှေကြက်ယက်ဘုရား ထီးတော်တင်ရန် ဖောင်ဖြင့်ဆန်တက်စဉ် မိကျောင်းရဲတစ်ကောင်၏ အန္တရာယ်နှင့်ကြုံသဖြင့် ဓားလွတ်ကိုင်ကာ ရေထဲဆင်းပြီး သတ်ပုတ်အောင်မြင်ပြန်သဖြင့် 'အနန္တသူရိယ' (အတိုင်းမသိ ရဲရင့်သူ) ဘွဲ့ ပေးခံခဲ့ရကြောင်း မဟာရာဇဝင်ကြီး တတိယတွဲတွင် ဖော်ပြထားသည်။ ရာဇဝင်အမည် 'ရမန်ငထွေး' ဖြစ်သည်။ ပုဂံခေတ်က မွန်ကို 'ရမန်' ခေါ်ဝေါ်ရေးသားခဲ့ကြသည်ကို သတိပြုအပ်ပါသည်။

နရပတိစည်သူမင်း ကိုးကွယ်သော မင်းဆရာ ဆရာတော် အရှင်ဥတ္တရာဇီဝသည် သီဟိုဠ်ကြွတော်မူသောအခါ ပုသိမ်မှတစ်ဆင့် ကြွတော်မူရသဖြင့်၊ ပုသိမ်အနီး ဆပဋ္ဌရွာသား သာမဏေတစ်ပါးနှင့် ကြွသွားတော်မူခြင်း ဖြစ်သည်။ သီဟိုဠ်ရောက်သောအခါ အသက် ၂၀ ပြည့်ပြီးဖြစ်သော ဆပဋ္ဌသာမဏေကို သီဟိုဠ်ရဟန်းတော်များနှင့်အတူ ရဟန်း ပြုပေးတော်မူခဲ့သည်။ ဆရာတော် ရှင်ဥတ္တရာဇီဝ မြန်မာနိုင်ငံသို့ ပြန်ကြွသောအခါ ဆပဋ္ဌရဟန်းတော်သည် သီဟိုဠ်၌ စာပေပရိယတ်သင်ကြား၍ နေရစ်ခဲ့သည်။

ဆပဋ္ဌရဟန်းတော်သည် အဋ္ဌကထာနှင့်တကွ ပိဋကတ် ၃ ပုံကို ၁၀ ဝါတိုင် သင်ကြားသည်။ ထို့နောက် ပါဠိအဋ္ဌကထာ ဋီကာ ကျနသော တေမလိတ္တရွာနေ ရှင်သီဝလိ, ကမ္ဘောဇမင်းသား ရှင်တာမလိန္ဒ, ကိဉ္စိပူရမြို့နေ ရှင်အာနန္ဒာ, သီဟိုဠ်ကျွန်းနေ ရှင်ရာဟုလာ၊ ၄ ပါးတို့နှင့်အတူ သင်္ဘောစီး၍ သက္ကရာဇ် ၅၃၃ ခုနှစ်တွင် ပုသိမ်သို့ ဆိုက်ရောက်လာသည်။ ဝါဝင်ရန် နီးကပ်နေ သဖြင့် ပုသိမ်တောင်အရပ်၌ တံတိုင်း, မီးတားနှင့်တကွ သုကြွယ်တစ်ဦး ကျောင်းဆောက်

mgyoe.com   SAMPLE BOOK

လှူဒါန်းသဖြင့် ထိုကျောင်း၌ ဝါဆိုခဲ့သည်။ ဝါကျွတ်သောအခါ ပုဂံသို့ ကြွတော်မူသည်။ ဆပဋ္ဌထေရ်နှင့် သီဟိုဠ်ရဟန်းတော်များ ပုဂံမရောက်မီကပင် ဆရာဖြစ်သူ ဆရာတော် ရှင်ဥတ္တရာဇီဝထေရ်မှာ ဘဝနတ်ထံ ပျံလွန်ခဲ့ပြီးဖြစ်သည်။ ဆပဋ္ဌထေရ်လည်း ပုဂံသို့ရောက်လျှင် ဆရာတော်သချိုင်းသို့ သွား၍ ပူဇော်သည်။

ဆပဋ္ဌထေရ်နှင့် သီဟိုဠ်ရဟန်းတော်များ ပုဂံသို့ရောက်ရှိလာသောအခါ နရပတိစည်သူမင်း၏ ကြည်ညိုကိုးကွယ်မှုကို ခံခဲ့ကြရသည်။ ဧရာဝတီမြစ်တွင် လှေဖောင်ဖွဲ့ပြီး များစွာသောသာမဏေတို့သည် သီဟိုဠ်ရဟန်း ၅ ပါးဖြင့် ရဟန်းခံကြရသည်။ ဤသို့ဖြင့် ပုဂံတွင် ရှိရင်းမူလ သထုံနွယ်ဂိုဏ်း၊ သံဃာနှင့် သီဟိုဠ်နွယ်ဂိုဏ်းသံဃာ ဟူ၍ ၂ ဂိုဏ်း ကွဲပြားသွားတော့သည်။ တစ်နေ့တွင် နရပတိစည်သူမင်းသည် သီဟိုဠ်ရဟန်း ၅ ပါးနှင့် တပည့်ရဟန်းများကိုပင့်၍ အလှူကြီး ပေးသည်။ အလှူသဘင်တွင် ကချေသည်တစ်ဦးကို မြင်ရသော ရှင်ရာဟုလာထေရ်မှာ စွဲလမ်းမှုဖြစ်ပွားပြီး၊ သာသနာတော်၌ မပျော်တော့ဘဲ လူထွက်ရန် ကြံစည်ခဲ့သည်။ ထိုအခါ ကျန် ရဟန်း ၄ ပါးက အမျိုးမျိုး ဆုံးမသော်လည်း မရသောအခါ၊ 'ပုဂံ၌ လူမထွက်ပါနှင့်၊ မလ္လာယုကျွန်းသို့သွားပြီး လူထွက်ပါ' ဟု နှင်ထုတ်လိုက်သဖြင့်၊ ရာဟုလာထေရ်လည်း ပုသိမ်မှ မလ္လာယုကျွန်းသို့ ကူးသွားခဲ့သည်။

ရှင်ရာဟုလာထေရ် ရောက်လာကြောင်း ကြားသိရသော မလ္လာယုကျွန်းဘုရင်သည် ဝိနည်းအဆုံးအဖြတ်ကို သိလိုသဖြင့် ရှင်ရာဟုလာထေရ်က ဋီကာနှင့်တကွ ခုဒ္ဒသိက္ခာကိုသင်ပေးပြီး အလုံးစုံသော ဝိနည်းအဆုံးအဖြတ်ကို ပြောကြားသည်။ ရှင်ရာဟုလာ၏ ဝိနည်းအဆုံးအဖြတ်ကို ကြားသိရသော မလ္လာယုမင်းသည် သဒ္ဓါကြည်ညိုသဖြင့် ပတ္တမြား တစ်သပိတ် လှူတော်မူသည်။ ရာဟုလာထေရ်လည်း ပတ္တမြား တစ်သပိတ်ရလျှင် လူထွက်ပြီး၊ မလ္လာယုကျွန်းတွင် အိမ်ထောင်ပြု၍ နေထိုင်ခဲ့သည်။

ပုဂံ၌ကျန်ရစ်သော သီဟိုဠ်ရဟန်းတော် ၄ ပါးတွင် ဆပဋ္ဌထေရ် ပျံလွန်သွားပြီးနောက်ပိုင်း၌ ကျန်ရစ်သော သီဟိုဠ်ရဟန်း ၃ ပါးမှာ ထပ်မံကွဲပြားလာကြပြန်သဖြင့်၊ ပုဂံတွင် မူလ သထုံနွယ်ဂိုဏ်းသံဃာ, သီဝလိထေရ်ဂိုဏ်းသံဃာ, တာမလိန္ဒထေရ်ဂိုဏ်းသံဃာ နှင့် အာနန္ဒာထေရ်ဂိုဏ်းသံဃာ ဟူ၍ သံဃာ့ဂိုဏ်း ၄ ဂိုဏ်း ကွဲပြားသွားရတော့သည်။ မူလရှိရင်း သထုံနွယ်ဂိုဏ်းသံဃာများကို

mgyoe.com

mgyoe.com SAMPLE BOOK

ပုရိမသံဃာ၊ နောက်ရောက်လာသော သီဟိုဠ်နွယ်ဂိုဏ်းသံဃာများကို ပစ္ဆိမသံဃာ ဟု ခေါ်ဆိုကြသည်။

ပုဂံ၌ သီဟိုဠ်နွယ်ဂိုဏ်း ၃ ဂိုဏ်း ကွဲမှုမှာ ခေတ်အဆက်ဆက် နှစ်များစွာ ကျော်လွန်လာသော်လည်း ရာမညတိုင်းသို့ကူးစက်၍ ကွဲပြားခဲ့သည်။ ထို့ကြောင့် ဓမ္မစေတီမင်း နန်းစံသောအခါ ဟံသာဝတီနေပြည်တော်နှင့်တကွ ရာမညတစ်တိုင်းလုံးတွင် သီးခြားစီ ပင့်ဖိတ်ဆွမ်း အာမိသဆက်ဆံမှု, သီးခြားစီ ကံဆောင်မှုပြုနေကြသော သံဃာဂိုဏ်း ၆ ဂိုဏ်းတွင် ပုဂံ၌ စတင်ကွဲပြားလာခဲ့သော တာမလိန္ဒထေရ်အဆက်အနွယ်ဂိုဏ်း, သီဝလိထေရ်အဆက်အနွယ်ဂိုဏ်း, အာနန္ဒထေရ်အဆက်အနွယ်ဂိုဏ်း ၃ ဂိုဏ်းလည်း ပါဝင်နေသည်ကို တွေ့ရှိရခြင်းဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

## သာသနာရေးဆောင်ရွက်ချက်များ

ဒုတိယဟံသာဝတီမြို့တည် ဗညားဦးမင်းဆက် ၁၀ ဆက်မြောက်၊ သက္ကရာဇ် ၈၂၄ ခုနှစ်၌ မင်းဖြစ်လာသော ဓမ္မစေတီမင်းသည် ပိဋကတ် ၃ ပုံ, ဗေဒင် ၄ ပုံ, မန္တန်, ဆေးကျမ်း စသော ဗဟုသုတနှင့်ပြည့်စုံသော မင်း ဖြစ်သည်။ သာသနာတော်ကို အလွန် ကြည်ညိုမြတ်နိုးသော မင်းတရားလည်း ဖြစ်သည်။

ထို့ကြောင့် ရာမညတိုင်း၌ တစ်သီးတခြားစီ ဆက်ဆံမှုပြုကြသော သံဃာ ဂိုဏ်းကွဲများကို ညီညွတ်အောင်ဆောင်ရွက်ရန် အာသီသ ရှိသည်။

တစ်ဖန် ပဉ္စင်းရဟန်းဖြစ်မှု၌လည်း သိမ်နှင့် ပရိသတ် အင်္ဂါ ၂ ရပ်ကို သံသယ ရှိတော်မူသည်။

ပဉ္စင်းရဟန်းတစ်ပါးဖြစ်ရန် ဝိနည်းတရားတော်အရ

၁။ သိမ်၏ ပြည့်စုံခြင်း

၂။ ပရိသတ်ပြည့်စုံခြင်း

၃။ ဝတ္ထုပြည့်စုံခြင်း

mgyoe.com

mgyoe.com SAMPLE BOOK

၄။ ဥတ်ပြည့်စုံခြင်း
၅။ ကမ္မဝါစာပြည့်စုံခြင်း

– ဟူ၍ သိက္ခာတင် ပဉ္စင်္ဂ, သိက္ခာချ ဆဋင်္ဂ, ဆိုသည့်အတိုင်း အင်္ဂါ ၅ ပါး ရှိရာ အသက် ၂၀ ပြည့် ပဉ္စင်းလောင်းဖြစ်မှု, ဝတ္ထုပြည့်စုံခြင်းနှင့် ဥတ်ပြည့်စုံခြင်း, ကမ္မဝါစာပြည့်စုံခြင်း, အင်္ဂါ ၃ ရပ်မှာ သိလွယ်သော်လည်း သိမ်ပြည့်စုံ, ပရိသတ်ပြည့်စုံ, အင်္ဂါ ၂ ပါးကို သိလွယ်ခြင်းမရှိသောကြောင့် ပြည့်စုံရန် ခဲယဉ်းသည်။

ထို့ကြောင့် ဓမ္မစေတီမင်းသည် ဝိနည်း ၅ ကျမ်း, ပါဠိ အဋ္ဌကထာ ဋီကာ စသော ကျမ်းအစောင်စောင်တို့၌ သဒ္ဒနယ အားဖြင့်လည်းကောင်း၊ အတ္ထနယ အားဖြင့် လည်းကောင်း အဖန်တလဲလဲ ကြည့်ရှုဆင်ခြင်၍ ပါဠိကို အဋ္ဌကထာနှင့်, အဋ္ဌကထာကို ဋီကာနှင့်, ကျမ်းတစ်စောင်ကို ကျမ်းတစ်စောင်နှင့်, ရှေ့စကားကို နောက်စကားနှင့် နှီးနှောနှိုင်းယှဉ်ပြီးသော်၊ သိမ်သမုတ်သောအခါ သန့်ရှင်းစင်ကြယ်စွာ ဖတ်ရွတ်စေခြင်းငှာ သီဟိုဠ်ကျွန်းသို့ကြွသွားစေ၍ သိက္ခာအသစ်ထပ်တင်ပြီး သန့်ရှင်းစင်ကြယ်သောပရိသတ်ဖြင့် သိမ်သမုတ်ရလျှင် သာသနာတော် သန့်ရှင်းစင်ကြယ်မှု ဖြစ်မည်ဟု အကြံ ရတော်မူသည်။

သာသနာနှစ် ၂၃၅ ၌ တတိယသင်္ဂါယနာတင်ပြီးနောက် သာသနာနှစ် ၂၃၆ ၌ သီရိဓမ္မာသောကနှင့် သင်္ဂါယနာတင် ထေရ်ရှင်မြတ်များ ညှိနှိုင်းပြီး ၉ တိုင်း ၉ ဌာန သာသနာပြုရဟန်းတော်များကို စေလွှတ်ရာတွင်၊ သီဟိုဠ်ကျွန်းသို့ ရှင်မဟိန္ဒဦးဆောင်သော ရဟန်းတော် ၅ ပါး ကြွရောက် သာသနာပြုတော်မူခဲ့သည်။ သီဟိုဠ်ဘုရင် ဒေဝါနံပိယတိဿမင်းကလည်း ကြည်ညိုသဒ္ဓါတိုးပွားပြီး မဟာဝိဟာရကျောင်းကြီး ဆောက်လုပ်လှူဒါန်းခဲ့သည်။

ထို့ကြောင့် ရှင်မဟိန္ဒအနွယ် ရဟန်းများသည် မဟာဝိဟာရဝါသီ အမည်ဖြင့် ထင်ရှားလေသည်။ သာသနာတော်လည်း အလွန်ပင် သန့်ရှင်းစင်ကြယ်ခဲ့သည်။ သာသနာနှစ် ၄၅၀ ပြည့်နှစ်အတွင်း ဝဋ္ဋဂါမဏိအဘယမင်းသည် ဒါဌိယ ကျေးမင်းကိုအောင်၍၊ သီဟိုဠ်ကျွန်း၌ မင်းအဖြစ်သို့ရောက်သောအခါ အဘယဂိရိ ကျောင်းကိုဆောက်လုပ်ပြီး၊ ရှေးက ကျေးမင်းနှင့်စစ်ထိုးရာတွင် ရှုံးနိမ့်ရာ ၁၄ နှစ် လုံးလုံးပုန်းနေသောအခါ ကျေးဇူးပြုခဲ့ဖူးသော မဟာတိဿထေရ်ကို ပင့်တင် ကိုးကွယ်ခဲ့သည်။

ထို မထေရ်သည် လူတို့နှင့်ရောယှက်၍ ကုလဒူသန အနေသန အမှုများကို ပြုနေသောကြောင့် မဟာဝိဟာရဝါသီ သံဃာတော်များနှင့် ဝိနည်းတရား အချေအတင် ပြောကြားစစ်ထိုးရာတွင် ရှုံးနိမ့်ပြီး သီးခြားကဲ ပြု၍နေတော့သည်။

mgyoe.com